# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၆၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


ယနေ့ ဖတ်စရာ

**နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန် ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၁)** ဆောင်းပါး | စာ ၆

**အရန်သိုလှောင်ထားသော ရေနံများ ဈေးကွက်ထဲ ရောင်းချပေးနိုင်ရေး ဂျီ - ၇ နိုင်ငံများ ဆွေးနွေးမည်** နိုင်ငံတကာသတင်း | စာ ၁၄

**မိုဘိုင်းဖုန်းတစ်လုံးတွင် ပါဝင်သည့် IMEI ၏ အရေးပါမှုများ** ဆောင်းပါး | စာ ၁၆


## ဆီထွက်သီးနှံ နေကြာမျိုးသစ်ဖြစ်သည့် ဆင်းရှေကြာ(၃)ပရို သုတေသနစမ်းသပ်စိုက်ပျိုးမှု ရလဒ်ကောင်းများရရှိ



နေပြည်တော် မတ် ၉

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ) သုတေသန စိုက်ကွင်းတွင် ကျင်းပခဲ့သော ၂၀၂၆ ခုနှစ် မျိုးစေ့ပြပွဲ (Seed Fair) ၌ ဆင်းရှေကြာ (၃) ပရို အမည်ရသည့် နေကြာမျိုးသစ်တစ်မျိုးမှာ သုတေသန စမ်းသပ်မှုအနေဖြင့် ရလဒ်ကောင်းများရရှိပြီး တောင်သူအများစုက ကြိုက်နှစ်သက်ကြကာ ကြည့်ရှုလေ့လာမေးမြန်းမှု အများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသုတေသနကို ၂၀၂၄ ခုနှစ် မိုးရာသီမှ စတင်စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ် မျိုးစေ့ပြပွဲတွင် ပြသခဲ့သောစိုက်ခင်းသည်ရာသီလေးခုမြောက် စိုက်ခင်းဖြစ်ကာ လေးဧက စိုက်ပျိုးထားခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ် ဆောင်းရာသီတွင် မြန်မာနိုင်ငံဒေသအသီးသီး၌ စမ်းသပ်စိုက်ပျိုးရန် စီစဉ်ထားကာ


စာမျက်နှာ ၃ ကော်လံ ၁


## အမြင့်ဆုံး နေ့အပူချိန်များ

(၉ - ၃ - ၂၀၂၆)

| | | |
|---|---|---|
| မန္တလေးမြို့ | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၀ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၄၀ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် (လွန်ကျော်) | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၃၉ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

## ရေနံချောင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာပိုက်ဆံလျှော် ထည့်သွင်းခြင်း ကွင်းသရုပ်ပြ

ရေနံချောင်း မတ် ၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် သုံးဧက ထည့်သွင်းစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက သုံးဆယ်ခြောက်ကျေးရွာ ကွင်းအမှတ်(၃၂) တောင်သူဦးမျိုးထွန်းဦး၏ လယ်မြေ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် သစ်စိမ်းမြေဩဇာ တစ်ဧက ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ယူရီးယား ၂ ဒသမ ၁၈ အိတ်၊ နိုက်ထရိုဂျင် ၄၀ မှ ၆၀ ကီလိုဂရမ် ထည့်သွင်းအသုံးပြုမှုနှင့် ညီမျှကြောင်း၊ အော်ဂဲနစ် သစ်စိမ်းမြေဩဇာ ထည့်သွင်းအသုံးပြုပါက ကုန်ကျစရိတ် သက်သာခြင်း၊ မြေဆီလွှာ ထိန်းသိမ်းနိုင်ခြင်း၊ ပိုးမွှား


စာမျက်နှာ ၃ ကော်လံ ၅




# စာမေးပွဲမဝင်ခင် ကြိုတင်၍ပြင်ဆင် ဉာဏ်ပညာ လုံ့လဝီရိယဖြင့် ကြိုးပမ်း

မနက်ဖြန် မတ်လ ၁၁ ရက်မှ ၁၇ ရက်နေ့အထိသည် တက္ကသိုလ်ဝင်စာမေးပွဲ ( Grade 12 ) ဖြေဆိုကြရမည့် ရက်သတ္တပတ်ပင်ဖြစ်သည်။ ပညာသင်နှစ် တစ်နှစ်တာ ကြိုးစားသင်ယူလေ့ကျင့်ခဲ့သမျှတို့ မည်မျှ တတ်မြောက်ခဲ့သည်ကို ဆန်းစစ်မည့် အခါသမယဖြစ်ရာ သင်ခန်းစာအားလုံးတို့ကို ကျေကျေညက်ညက်၊ ပိုင်ပိုင်နိုင်နိုင် လေ့ကျက်၊ လေ့ကျင့်ခဲ့သူတို့ အခက်အခဲမရှိ ဖြေဆိုသွားနိုင်ကြမည်သာဖြစ်သည်။

မနက်ဖြန်သည် တက္ကသိုလ်ဝင်စာမေးပွဲ ရက်သတ္တပတ်၏ ပထမဆုံးနေ့ဖြစ်ရာ ယနေ့သည် ပွဲမဝင်မီ ပြင်ဆင်ရမည့်နေ့ဖြစ်သည်။ မိမိသွားရောက်ဖြေဆိုရမည့် စာစစ်ဌာန၏ တည်နေရာကို တိကျမှန်ကန်စွာ သိပြီးပြီလားဟု မိမိကိုယ်ကိုမေးခွန်းထုတ်၍ မသေချာလျှင် ယနေ့သည် သေချာစွာသိရှိအောင် ပြုလုပ်ရမည့်နေ့ဖြစ်သည်။ မနက်ဖြန်တွင် မဖြစ်မနေယူဆောင် ပါရှိသွားရမည့် စာမေးပွဲဖြေဆိုခွင့်ကတ်၊ ကျောင်းသားကတ် စသည့်အထောက်အထားများကို ဘောပင်၊ ခဲတံ၊ ပေတံ စသည့်စာရေးကိရိယာများနှင့်အတူ ထားရှိရန်လည်း မမေ့မလျော့ကြဖို့လိုသည်။ စာမေးပွဲဖြေဆိုချိန်နီးခါမှ စာစစ်ဌာနများယွင်းရောက်ရှိလာကြသူများ၊ စာစစ်ဌာနကျောင်းပေါက်ဝသို့ ရောက်ရှိသောအခါတွင်မှ စာမေးပွဲဖြေဆိုခွင့်ကတ် မေ့ကျန်ခဲ့ခြင်းကြောင့် ရဲကိုအကူအညီတောင်း၍ အိမ်ပြန်ယူကြရသော အဖြစ်များမှာ နှစ်တိုင်းကြားသိနေရခြင်းဖြစ်ရာ လွန်စွာစိတ်ပင်ပန်းရမည့် ယင်းကဲ့သို့ အဖြစ်မျိုး မဖြစ်စေရန် ယနေ့ ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။ ယနေ့အဖို့ နောက်ဆုံးလုပ်ရမည့်အလုပ်သည် မနက်ဖြန်ဖြေဆိုရမည့် ဘာသာရပ်ကို မမေ့လျော့စေရန် ပြန်၍နွှေးကြရန်သာဖြစ်ပြီး အိပ်ရေးဝဝအိပ်စက်ကြရန် ဖြစ်သည်။

စာမေးပွဲဖြေဆိုရမည့် ပထမဆုံးနေ့တွင် စာစစ်ဌာနရှိရာသို့ အချိန်အနည်းငယ်ကြိုတင်ရောက်ရှိအောင် သွားရောက်ကြဖို့လိုသည်။ ထိုနေ့တွင် မိမိဖြေဆိုရမည့် ခုံနံပါတ်နှင့် အခန်းနေရာတို့ကို ရှာဖွေရမည်ဖြစ်ရာ ယင်းအတွက် အချိန်အနည်းငယ်မျှ လိုအပ်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲရက်သတ္တပတ်သည် စာဖြေကျောင်းသားတစ်ဦးအဖို့ တိုက်ပွဲဝင်ကာလပင်ဖြစ်ရာ ရုပ်ပိုင်း၊ စိတ်ပိုင်းတို့ ကြံ့ခိုင်ကျန်းမာရွှင်လန်းနေကြရမည်ဖြစ်သည်။ စာမေးပွဲဟူသည် မူလတန်းကျောင်းသားကျောင်းသူဘဝကတည်းကပင် အတွေ့အကြုံများစွာရှိခဲ့ပြီး ယခုစာမေးပွဲမှာ အခြေခံပညာကျောင်းသားကျောင်းသူဘဝ၏ နောက်ဆုံးစာမေးပွဲဖြစ်သည်။ အဆင့်မြင့်ပညာရေးသို့ တက်လှမ်းကြရာတွင် မိမိတို့တက်ရောက်ရမည့် တက္ကသိုလ်၊ ကောလိပ်တို့ကို တက္ကသိုလ်ဝင်စာမေးပွဲရလဒ်များက အဆုံးအဖြတ်ပေးမည်ဖြစ်ရာ အဆင့်မြင့်မြင့် အောင်မြင်နိုင်ရေးအတွက် ဂရုတစိုက် ကြိုးပမ်းဖြေဆိုကြရန် တိုက်တွန်းလိုသည်။ သို့ရာတွင် စိုးရိမ်ပူပန်မှုကြီးခြင်းနှင့် မိမိစိတ်ကြိုက်မဖြေနိုင်ခြင်းတို့ဖြစ်လာပါက ဘဝပျက်မတတ် အစွန်းရောက် ခံစားခြင်းတို့ကို သတိဖြင့်ရှောင်ကြဉ်ကြရမည်လည်းဖြစ်သည်။

စာမေးပွဲကာလအတွင်း တစ်နေ့လျှင် တစ်ဘာသာ ဖြေဆိုကြရမည်ဖြစ်ရာ မိမိ၏စာကြည့်နေရာတွင် ဖြေဆိုရမည့် ရက်စွဲနှင့် ဖြေဆိုရမည့် ဘာသာတို့ကို ဇယားဆွဲ၍ကပ်ထားကြရန်လည်း အကြံပြုလိုသည်။ ဘာသာရပ်တစ်ခုကို ဖြေဆိုပြီးသည့်နောက်တွင် နောက်တစ်နေ့ဖြေဆိုရမည့် ဘာသာရပ်အတွက်သာ အာရုံစိုက်၍ ပြင်ဆင်မှုများပြုလုပ်ကြရန်၊ ဖြေဆိုပြီးသွားသည့် ဘာသာရပ်တို့အတွက် ပြန်လည်၍ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်မနေကြရန်လည်း တိုက်တွန်းလိုသည်။ စာမေးပွဲကာလအတွင်း စာဖြေကျောင်းသားတစ်ဦးအနေဖြင့် မိမိ၏ စားမှု၊ နေမှု၊ အိပ်မှုတို့အပေါ် ဂရုပြုဆင်ခြင်နေထိုင်ကြရမည်ဖြစ်သကဲ့သို့ မိသားစုဝင်တို့က ကူညီမှုပြုကြရမည်လည်းဖြစ်သည်။

စာမေးပွဲဖြေဆိုချိန်တွင် စာမေးပွဲမေးခွန်းစာရွက်ကို အစမှ အဆုံးအထိ တစ်ကြိမ် သေချာစွာဖတ်ရှုရန်၊ မိမိပိုင်နိုင်စွာ ဖြေဆိုနိုင်မည့် မေးခွန်းကိုနံပါတ်ထိုး၍ စတင်ဖြေဆိုရန်၊ ဖြေဆိုပြီးစီးသည့် မေးခွန်းများကို ရေးခြစ်မှတ်သားထားရန်၊ မေးခွန်းအားလုံးကို ကြိုးစားဖြေဆိုရန်၊ လိုအပ်သည့် မေးခွန်းများအတွက် မြေပုံ၊ ရုပ်ပုံ၊ ဂရပ်များ၊ ဇယားများဆွဲသားဖြေဆိုရန်၊ မေးခွန်းအားလုံး ဖြေဆိုပြီးသည့်နောက်တွင် ပြန်လည်စစ်ဆေးရန် စသည်တို့မှာ မိမိတို့အခြေခံပညာ ကျောင်းသားသက်တမ်းတစ်လျှောက် ဆရာ၊ ဆရာမများက သင်ကြားပြသခဲ့ကြသည့်အတိုင်းပင်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ဖြေဆိုသူကျောင်းသူကျောင်းသားများ၊ မိဘအုပ်ထိန်းသူများက မျှော်လင့်ချက် အမြင့်မားဆုံးသော စာမေးပွဲဖြစ်ပြီး မိမိတို့ မျှော်မှန်းထားသည့် တက္ကသိုလ်၊ ကောလိပ် စသည်တို့သို့ တက်ရောက်နိုင်ရေးအတွက် အောင်မြင်လိုကြသည်ချည်းပင်ဖြစ်သည်။ မိမိတို့၏ ဉာဏ်ပညာ၊ လုံ့လဝီရိယတို့ စိုက်ထုတ်ကြိုးစားကြသည်နှင့်အမျှ အောင်မြင်မှုရကြမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်သည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။




**၉ - ၃ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀ - ၃ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၂၅ | ၂၆၄၀ | ၂၆၀၅ | ၂၅၄၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၈၀ | ၂၆၀၀ | ၄၅၀၅ | ၂၈၉၀ | ၂၆၁၅ | ၂၈၇၅ | ၂၆၈၅ | ၂၆၅၀ | ၂၆၇၅ | ၂၉၃၀ |
| 95 Ron | ၂၅၉၅ | ၂၇၀၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | ၄၅၆၀ | ၂၉၆၀ | ၂၆၈၅ | ၂၉၅၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | - | ၂၉၇၅ | ၂၆၉၅ | ၃၃၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၅၅ | ၃၀၁၀ |
| HSD (50 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၉၇၅ | ၄၈၃၀ | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |
| HSD (10 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၉၇၅ | - | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၀ | ၂၄၅၁ |
| 95 Ron | ၂၄၃၈ | ၂၅၂၀ |
| HSD (500 ppm) | ၂၄၄၉ | ၂၅၂၈ |
| HSD (50 ppm) | ၂၇၃၅ | ၂၈၁၉ |
| HSD (10 ppm) | ၂၇၃၅ | ၂၈၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - ဟန်လင်းအောင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| ဒုတိယစာတည်းမှူးချုပ် - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | | |

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၉**

သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အမရာဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သက်ကြီးပုဂ္ဂိုလ်များ၏ စကားသံများကို နားထောင်ပြီး လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်နိုင်စေရန်၊ လူ့အဖွဲ့အစည်းအတွင်း သက်ကြီးပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်စေရန်၊ သက်ကြီးပုဂ္ဂိုလ်များအပေါ် အလေးထားမှုကို ပြသနိုင်စေရန်နှင့် သက်ကြီးများအချင်းချင်း တွေ့ဆုံခြင်းဖြင့် အတွေ့အကြုံများ မျှဝေနိုင်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်မြို့၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၄ ရက်တွင်လည်းကောင်း ကျင်းပခဲ့ပြီး ယခုနေပြည်တော်၌ တတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊



လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်ရေး လုပ်ငန်းများကို ဘိုးဘွားရိပ်သာ အခြေပြု စောင့်ရှောက်ခြင်း၊ ရပ်ရွာအခြေပြု စောင့်ရှောက်ခြင်းနှင့် နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီးသူများသည် နိုင်ငံတော်က အလေးထားတန်ဖိုးထားရသော အတွေ့အကြုံများစွာရှိသော နိုင်ငံသားများဖြစ်ကြပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲမှရရှိလာမည့် အကြံပြုချက်များနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ကြီးပုဂ္ဂိုလ်များစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် သက်ကြီးပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ လူမှုအသိုင်းအဝိုင်းအတွင်း သက်ကြီးပုဂ္ဂိုလ်များအား စောင့်ရှောက်မှု၊ အခြေခံပံ့ပိုးမှုများအပေါ် လက်လှမ်းမီမှုနှင့် အတွေ့အကြုံများကို အုပ်စုလိုက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများအတွက် EV နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် မတ် ၉**

EV Mechanics သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ၌ Hybrid စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များထုတ်လွှတ်သည့် ယာဉ်များသုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် ရုပ်ကြွင်းလောင်စာအပေါ်မှီခိုရမှုနှင့် နိုင်ငံခြားငွေကုန်ကျစရိတ်များကို လျှော့ချနိုင်ရေး၊ လေထုနှင့် အသံညစ်ညမ်းမှုများလျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုနှင့် အခြားဆုလာဘ်များကို ပြည်သူများ ရရှိခံစားနိုင်စေရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် ၂၀၅၀ ပြည့်နှစ်အထိ လမ်းပြမြေပုံနှင့် မူဝါဒချမှတ်ကာ လုပ်ငန်းကော်မတီ ၅ ခုတို့က ညွှန်ကြားချက်များအတိုင်း တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ EV သုံးစွဲမှု သိသာစွာ တစ်ရှိန်ထိုးမြင့်တက်လာရာ ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့် သုံးစွဲနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာ အရည်အသွေးပြည့်ဝရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြုပြင်နိုင်ရန်တို့သည် အခရာကျလျက်ရှိကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများသည် ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုနိုင်မည့် EV Mechanics များဖြစ်စေရေး သင်တန်းကာလအတွင်း စိတ်ရောကိုယ်ပါ နှစ်မြှုပ်ကာ ကျားကုတ်ကျားခဲ ကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများနှင့် ကားဝပ်ရှော့များမှ သင်တန်းသား ၁၇ ဦး၊ ပြည်သူ့သုံးဦးနှင့်ဌာနဆိုင်ရာသင်တန်းသား ငါးဦး တက်ရောက်ပြီး ကွန်ပျူတာနှင့် အဆင့်မြင့်သင်ထောက်ကူမော်ကျူးများ အသုံးပြုကာ EV Mechanics တစ်ဦး မဖြစ်မနေ ကျွမ်းကျင် တတ်မြောက်ရမည့် နည်းပညာများဆိုင်ရာ လက်တွေ့လုပ်ငန်းများကို သင်တန်းကာလ ငါးရက်ဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။




အဆိုပါ လုပ်ငန်းကော်မတီသည် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)နှင့် နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာ အတတ်သင်ကောလိပ်(ဘယ်လင်း)တို့တွင်လည်း စံနှုန်းများပြည့်မီစွာ သတ်မှတ်သင်တန်းချိန်များအတိုင်း ဖွင့်လှစ်လျက်ရှိရာ EV Training of Trainers သင်တန်းချိန် နာရီ ၁၈၀၊ EV Maintenance သင်တန်းချိန် နာရီ ၉၀၊ EV နည်းပညာဆင့်ပွား သင်တန်းချိန် နာရီ ၆၀၊ EV Mechanics သင်တန်းချိန် နာရီ ၃၀၊ EV Inspection သင်တန်းချိန် ၂၄ နာရီ၊ EV Diag–nostics သင်တန်းချိန် ၁၈ နာရီ တို့အပြင် ပြည်သူများအတွက် EV နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အတွက် သင်တန်းသား၏ တက်ရောက်နိုင်မှုနှင့် တက်ရောက်လိုသည့် နည်းပညာတို့အပေါ် မူတည်၍ စိတ်ကြိုက် သင်တန်းများကိုပါ စဉ်ဆက်မပြတ် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

အောင်မြင်ဖြစ်ထွန်းပါက တောင်သူများလက်ဝယ်သို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် မိုးရာသီကစပြီးတော့ မျိုးမွေးမြူရွေးချယ်ခြင်း သုတေသနကို ဆောင်ရွက်ခဲ့ပါတယ်။ မျိုးအမည်က ဆင်းရွှေကြာ (၃) ပရိုလို့ခေါ်တဲ့ မျိုးသစ်တစ်မျိုးဖြစ်ပါတယ်၊ ဒီမျိုးဖြစ်ပေါ်လာပုံက ဆင်းရွှေကြာ (၂) နေကြာမျိုးထဲကို ပြည်ပမျိုးကွဲ ၃၁ မျိုးရဲ့ ဗီဇတွေ ထည့်သွင်းထားတာဖြစ်လို့ ပြည်တွင်းဖြစ် မျိုးသစ်တစ်မျိုးလည်းဖြစ်တယ်၊ အပင်ရဲ့ ရုပ်လက္ခဏာကြည့်ပြီးတော့ ထပ်ကာထပ်ကာ မွေးမြူရွေးချယ်ထားတဲ့ မျိုးဖြစ်ပါတယ်။

"ဒီမျိုးရဲ့ထူးခြားချက်က တောင်သူတွေကိုယ်တိုင် အလွယ်တကူမျိုးစေ့ထုတ်နိုင်ခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊



ရာသီဥတုအပူဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ ပိုးမွှားရောဂါဒဏ်ကို ခံနိုင်ရည်ရှိခြင်း ဆိုတဲ့ ထူးခြားချက်တွေကို တွေ့ရတယ်။

"ဒါ့အပြင် နေကြာရဲ့အထွက်ကောင်းတဲ့လက္ခဏာတွေဖြစ်တဲ့ အပွင့်ကြီးခြင်း၊ အရွက် ဧရိယာကြီးပြီး ပင်စည်တုတ်ခိုင်ခြင်းဆိုတဲ့ အချက်တွေက ဒီမျိုးမှာ တွေ့ရမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် ဆီထွက်ရာခိုင်နှုန်းလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားတာကြောင့် ဆင်းရွှေကြာ (၃) ပရိုလို့ အမည်ပေးထားတာ ဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ် ဆောင်းရာသီကာလ ဒေသအသီးသီးမှာ စမ်းသပ်စိုက်ပျိုးမှာဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းပါက တောင်သူတွေလက်ဝယ်ကို အမြန်ဖြန့်ဖြူးတော့မှာ ဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန(မျိုးစေ့ဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြိုင်က ပြောသည်။

အဆိုပါ ဆင်းရွှေကြာ (၃) ပရိုဆီထွက်သီးနှံ နေကြာမျိုးသစ်သည် သက်တမ်းအားဖြင့် ၉၅ ရက်ဖြစ်ပြီး တစ်ဧကလျှင် အပင်ပေါင်း ၂၉၀၄၀ ကို တန်းကြား နှစ်ပေ ပင်ကြား ကိုးလက်မ စိုက်ပျိုးထားပြီး နို့ဝင်ဘာလအတွင်း ပြီးစီးအောင် စိုက်ပျိုးနိုင်ပါက အထွက်နှုန်း တင်း ၅၀ မှ တင်း ၆၀ အထိ ထွက်ရှိနိုင်ကာ နိုင်ငံ၏ ပြည်တွင်းစားသုံးဆီဖူလုံမှုပမာဏကို တိုးတက်မြင့်မားစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

❑ *ရှေ့ဖုံးမှ*

ကျရောက်မှု သက်သာခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ အထွက်နှုန်းတိုးတက်ခြင်း စသည့်ကောင်းကျိုးများ ရရှိလာမည်ဖြစ်၍ တောင်သူများအနေဖြင့် သစ်စိမ်းမြေဩဇာကို ထည့်သွင်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းစိုးက အသိပညာပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့်ဝန်ထမ်းများက တောင်သူဦးမျိုးထွန်းဦး၏ လယ်မြေ၌ သဘာဝသစ်စိမ်းမြေဩဇာပိုက်ဆံလျှော် သုံးကေ ထည့်သွင်းစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ဆက်လက်ဆောင်ရွက်ရာ သုံးဆယ့်ခြောက်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **ကိုစိုးကြီး**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားတက္ကသိုလ် ကျောင်းသားပွဲတော်သို့ တက်ရောက်အားပေး



**မြစ်ကြီးနား မတ် ၉**

ကချင်ပြည်နယ်၏ ပညာရေးကို အဓိကဖော်ဆောင်ပေးနေသည့် တက္ကသိုလ်ဖြစ်သည့်အပြင် ကျောင်းသားများ၏ တီထွင်ဖန်တီးနိုင်မှု စွမ်းအားနှင့် စည်းလုံးညီညွတ်မှု ပိုမိုဖြစ်ပေါ်လာစေရေးအတွက် ရည်ရွယ်ကျင်းပသည့် မြစ်ကြီးနားတက္ကသိုလ်၏ ကျောင်းသားပွဲတော်ကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်သည်။

ဦးစွာ ကျောင်းသားပွဲတော်ကို ဓာတုဗေဒမေဂျာမှ ကျောင်းသား ကျောင်းသူများက ပြည့်ရတနာ တေးသီချင်း သရုပ်ဖော်အကအလှများဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူ လူငယ်မျိုးဆက်သစ်များအနေဖြင့် အနာဂတ်တွင် ပြည်နယ်နှင့် နိုင်ငံတော်အတွက် အားကိုးရသည့် သားကောင်းရတနာများ ဖြစ်လာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံအောင်၊ ပိုမိုထူးချွန်အောင် ကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကျောင်းသားတစ်ဦးက ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် သက်ပြည့်အငြိမ်းစား ယူတော့မည့် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်း၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားခြင်းနှင့် ကျောင်းသား ကျောင်းသူများက ပါမောက္ခချုပ်အား ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီး ပါမောက္ခချုပ်က ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျောင်းသား ကျောင်းသူများအား ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခဌာနမှူးများ၊ တက်ရောက်လာသူများက ကျောင်းသားပွဲတော် အထိမ်းအမှတ် တက္ကသိုလ် ဘာသာရပ်အလိုက် သက်ဆိုင်ရာမေဂျာများမှ ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာ တေးသီချင်း သရုပ်ဖော်အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အကအဖွဲ့ ၁၃ ဖွဲ့မှ ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်ဘေးတွင် ဘာသာရပ်အလိုက် ဌာနများမှ ကျောင်းသားပွဲတော် အထိမ်းအမှတ် ရိုးရာအစားအစာ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့်အတူ လှည့်လည်ကြည့်ရှု ဝယ်ယူအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်အတွင်း စက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီဖြန့်ဖြူးခြင်းနှင့် ဈေးနှုန်းထိန်းချုပ်ရေး၊ ညွှန်ကြားချက်များနှင့်အညီ ရောင်းချနိုင်ရေးအတွက် ပြည်နယ်စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်အသေးစားနှင့် အလတ်စား စက်သုံးဆီ ဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်း၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က စက်သုံးဆီ လိုအပ်ချက်အတွက် 92RON– 150000 ဂါလန်၊ PHSD–458820 ဂါလန်နှင့် သံပုရာကန်ဆီ ၁၁၃၁၅၀ ဂါလန် မကြာမီ အချိန်အတွင်း ပြည်နယ်သို့ ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း၊ ယနေ့ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်က ထုတ်ပြန်ထားသည့်အတိုင်း စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့် ဈေးနှုန်းမြှင့်တင်၍ ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်၊ စည်းကမ်းသတ်မှတ်ချက်များကို အထူးအလေးထားလိုက်နာရန် လိုအပ်ပြီး ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ကို သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနမှလည်း ဆီလက်ကျန်ရှိပြီး အရောင်းရပ်ထားပါက အရောင်းဆိုင်လိုင်စင် ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း ကြေညာထားမှုကိုလည်း သိရှိလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က စက်သုံးဆီ ဖူလုံမှုရှိစေရေးနှင့် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချနိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့မှုများအပေါ် တွေ့ရှိချက်များနှင့် အလေးထား လိုက်နာဆောင်ရွက်ကြရမည့် ကြေညာချက်များကို လည်းကောင်း၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးစိုင်းကြည်ရွှင်က ပြည်နယ်အတွင်း စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ခွင့်ပြုချက်ချထားပေးနေမှု အခြေအနေများ၊ စက်သုံးဆီလက်ခံရရှိမှု၊ ဖြန့်ဝေပေးနေမှုနှင့် ကြေညာချက်များနှင့်အညီ ရောင်းချခြင်းရှိ/ မရှိ စစ်ဆေးဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အသေးစား၊ အလတ်စား စက်သုံးဆီဆိုင်ရာလုပ်ငန်းကော်မတီ တာဝန်ရှိသူများ၊ စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းရှင်များက စက်သုံးဆီဖူလုံစေရေးအတွက် လိုက်နာဆောင်ရွက်သွားမည့် အခြေအနေများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က စက်သုံးဆီဖူလုံစေရေးအတွက် ဆွေးနွေးအကြံပြုချက်များကို အထူးကျေးဇူးတင်ရှိကြောင်း၊ အများပြည်သူ အခက်အခဲမဖြစ်ပေါ်စေရေး သတ်မှတ်စည်းကမ်းများအပေါ် အလေးထားလိုက်နာ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)



## တနိုင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်ပြပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**တနိုင်း မတ် ၉**

တနိုင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်ပြပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စာအုပ်ပြပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူဦးရေ ၂၀ ပျော်ရွှင်တက်ကြွစွာ ပါဝင်ခဲ့ကြရာ ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာဖတ်ခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုရှိစေရန်၊ စာကြည့်တိုက်၌ ပျော်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးသည့် လူတော်လူကောင်းများဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များ အတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစား ခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အာကာသပြတိုက်(ရန်ကုန်)၌ အာကာသနည်းပညာအခြေခံ နွေရာသီသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၉**

အခြေခံပညာအဆင့် အာကာသနည်းပညာအခြေခံ နွေရာသီသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အာကာသပြတိုက် (ရန်ကုန်)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်နှင့် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါက်တာမျိုးသန့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သင်တန်းနည်းပြများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လေ့လာဆည်းပူး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုသင်တန်းဖြစ်ပေါ်စေရေး စီမံဆောင်ရွက်ပေးကြသည့် မြန်မာအာကာသ အေဂျင်စီမှ တာဝန်ရှိသူများ၊ သင်ကြားပေးမည့်ဆရာများ၊ အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ကြမည့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း၊ သင်တန်းတက်ရောက် သင်ကြားခွင့်ရမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ရရှိလာသည့် အခွင့်အရေးတစ်ခုကို အားသွန်ခွန်စိုက် လေ့လာဆည်းပူးကြစေလိုကြောင်းနှင့် နိုင်ငံအတွက် အားကိုးအားထားပြုရသည့် လူငယ်လူရွယ်များ ဖြစ်နိုင်ကြစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်က အမှာစကားပြောကြားသည်။

**သင်ကြားပို့ချသွားမည်**

သင်တန်းတွင် သိပ္ပံနှင့် လူမှုစီးပွားရေးကဏ္ဍများတွင် ဂြိုဟ်တုများကို အသုံးပြုခြင်း၊ အာကာသဒုံးပျံများနှင့် ဂြိုဟ်တုလွှတ်တင်ရေးလုပ်ငန်းစဉ်၊ ဂြိုဟ်တုနှင့် မြေပြင်အခြေစိုက်စခန်းအကြား ဆက်သွယ်မှုစနစ်၊ ဂြိုဟ်တုတည်ဆောက်မှုတွင်ပါဝင်သော စက်ပစ္စည်းများ၊ အာကာသရုပ်ဝတ္ထုများ၏ ရွေ့လျားမှု သဘောတရားနှင့် ဂြိုဟ်တုအခြေပြု ကမ္ဘာမြေစောင့်ကြည့် လေ့လာရေးစနစ် သာသာရပ်များဖြင့် နည်းပြများက အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၇ ဦးအား သင်တန်းကာလ တစ်လ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



ဖွဲ့ထက်ကို(ပြန်/ဆက်)

# လှိုင်ကော်မြို့၌ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်

**လှိုင်ကော် မတ် ၉**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စာ၊ ပန်းချီ၊ ကွန်ပျူတာသင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဓာတိမာန်" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းများကို နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသားလူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်နှင့် အသိပညာဗဟုသုတတိုးပွားစေရန်၊ အသက်အရွယ်နှင့်ကိုက်ညီသည့် ဝါသနာပါရာ သင်တန်းများကို တက်ရောက်ပြီး မိမိတို့၏ အရည်အသွေးမြင့်မားအောင် ကြိုးစားနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်ကြားပို့ချမည့် နည်းပြများအနေဖြင့် အနာဂတ်၏ ပန်းကောင်းလေးများကို ပုံဖော်ပေးမည့် ဥယျာဉ်မှူးများဖြစ်သည့်အတွက် ကလေးငယ်များ နားလည်လွယ်အောင်၊ စိတ်ဝင်စားအောင် အကောင်းဆုံးလေ့ကျင့်သင်ကြားပေးရန် တိုက်တွန်းလိုကြောင်း၊ သင်တန်းတက်ရောက်မည့် ကျောင်းသားမောင်မယ်များအနေဖြင့် အတော်ဆုံး၊ အကောင်းဆုံးဖြစ်လာအောင် ကြိုးစားနေခြင်းက နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအပေါ် ကျေးဇူးပြုနေခြင်းဖြစ်ကြောင်းပြောကြားပြီး နွေရာသီသင်တန်းများအတွက် ထောက်ပံ့ငွေပေးအပ်ရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူသည်။

ယင်းနောက် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေကြရာ သီဆိုဖျော်ဖြေသည့်အဖွဲ့များအား ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါနွေရာသီသင်တန်းများသို့ သင်တန်းသား ၃၁၆ ဦး တက်ရောက်ပြီး ယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စာ၊ ပန်းချီ၊ ကွန်ပျူတာသင်တန်းများကို နည်းပြ ၁၉ ဦးဖြင့် ၁၈ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကယားပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှု၊ ထုတ်ချေးပြီးစီးမှု၊ ပြန်လည်ပေးဆပ်မှု၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်

**နေပြည်တော် မတ် ၉**

တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော (အခြေခံ/အဆင့်မြင့်) သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်သည်။



သင်တန်းဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ သင်တန်းများတွင် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၇ ဦး၊ အင်္ဂလိပ်စကားပြော(အခြေခံ/အဆင့်မြင့်) သင်တန်းကို သင်တန်းသား သင်တန်းသူ ၅၁ ဦး၊ ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၈ ဦး၊ မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၅၅ ဦးတို့ဖြင့် ဧပြီ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၁)

မင်းခန့်

**နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့အတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဟာ အလွန်မွန်မြတ်တဲ့ အမျိုးသားရေး တာဝန်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီလိုဂုဏ်ယူဖွယ်ကောင်းတဲ့ အမျိုးသားရေးတာဝန်ကို အသက်အရွယ်အရ အကျုံးဝင်သူတွေ တာဝန်သိစိတ်နဲ့ ထမ်းဆောင်ခွင့်ရရှိစေဖို့ အတွက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အသက်သွင်းခဲ့ပါတယ်။**

အဲဒီနောက် ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို အောင်မြင်စွာ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ယခုအခါမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြတဲ့ အဆိုပါ ပထမဆုံးအသုတ် ပြည်သူ့စစ်မှုထမ်းတွေဟာ သတ်မှတ်ကာလ ပြည့်မြောက်တော့မှာဖြစ်လို့ မကြာမီအချိန်အတွင်းမှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အိမ်အပြန်ခရီးကို စတင်ကြတော့မှာဖြစ်ကြောင်း သတင်းကောင်း ကြားသိရပါတယ်။

**ရှေ့ဆောင်လမ်းပြလုပ်ဆောင်ခဲ့ကြသူတွေ**

အိမ်အပြန်ခရီးလမ်းကို စတင်တော့မယ့် တာဝန်ကျေပွန်တဲ့ ပြည်သူ့စစ်မှုထမ်းတွေရဲ့ စွမ်းဆောင်ချက်တွေဟာ နိုင်ငံတော်လုံခြုံရေး အတွက် အလွန်အရေးပါတဲ့ အလှည့်အပြောင်း တစ်ခုအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သလို သူတို့ရဲ့ စွန့်လွှတ်ပေးဆပ်မှုနဲ့ ရဲရင့်မှုတွေက "နိုင်ငံတော် ကာကွယ်ရေးတာဝန်ဟာ အမြဲတမ်းစစ်မှုထမ်း တပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တယ်" ဆိုတဲ့ အနှစ်သာရကို ပီပြင်စွာ ဖော်ညွှန်းပြသနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ခဲ့သူတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၅) မှာ ပြဋ္ဌာန်းထားတဲ့ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်" ဆိုတဲ့ နိုင်ငံသားတို့ရဲ့ မူလတာဝန်ကိုလည်း လက်တွေ့ကျကျ ရှေ့ဆောင်လမ်းပြ လုပ်ဆောင်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။





စစ်ပညာများ သင်ကြားလေ့ကျင့်နေသည့် ပြည်သူ့စစ်မှုထမ်းများ။

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်ကစလို့ သင်တန်းတက်ရောက်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်းနဲ့ တာဝန်ပြီးဆုံးချိန် ဂုဏ်ယူဖွယ်ရာ အိမ်အပြန်ခရီးလမ်းအထိ အဆင့်တိုင်းအတွက် ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ငန်းစဉ်တွေကို အသေးစိတ်ရေးဆွဲစီမံပြီး စနစ်တကျ လုပ်ဆောင်ပေးလျက်ရှိပါတယ်။

ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်စုဆောင်းရာမှာ နိုင်ငံတော်အကြီးအကဲရဲ့ "**စည်းကမ်းတကျ ဆင့်ခေါ်မှုကို အလေးထားရန်**"ဆိုတဲ့ လမ်းညွှန်ချက်နဲ့အညီ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေအတိုင်း အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့တွေက အထူးအလေးထား ဆောင်ရွက်နေကြပါတယ်။ အကယ်၍ ဆင့်ခေါ်ရေး လုပ်ငန်းစဉ်တွေမှာ ဥပဒေကို လက်တစ်လုံးခြားလုပ်တဲ့ မတရားသည့် ဆောင်ရွက်မှုတွေရှိလာခဲ့ရင် ဥပဒေနဲ့အညီ စိစစ်ဖော်ထုတ်ပြီး တိတိကျကျ အရေးယူတာတွေရှိသလို မမှန်မကန် လုပ်ကြံတိုင်ကြားမှုတွေကိုလည်း ထိထိရောက်ရောက် ပြန်လည်အရေးယူမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

**“အိမ်အပြန်ခရီးလမ်းကို စတင်တော့မယ့် တာဝန်ကျေပွန်တဲ့ ပြည်သူ့စစ်မှုထမ်းတွေရဲ့ စွမ်းဆောင်ချက်တွေဟာ နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါတဲ့ အလှည့်အပြောင်းတစ်ခုအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သလို သူတို့ရဲ့ စွန့်လွှတ်ပေးဆပ်မှုနဲ့ ရဲရင့်မှုတွေက “နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တယ်” ဆိုတဲ့ အနှစ်သာရကို ပီပြင်စွာ ဖော်ညွှန်းပြသနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့သူတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၅)မှာ ပြဋ္ဌာန်းထားတဲ့ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်”ဆိုတဲ့ နိုင်ငံသားတို့ရဲ့ မူလတာဝန်ကိုလည်း လက်တွေ့ကျကျ ရှေ့ဆောင်လမ်းပြလုပ်ဆောင်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်”**

**တပ်မတော်သင်တန်းကျောင်းမှာ လေ့ကျင့်သင်ကြားပေးလျက်ရှိ**

နိုင်ငံတော်ကာကွယ်ရေးအတွက် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ရေရှည်အတွက် ဆောင်ရွက်ရမယ့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးခြင်းသည် အလွန်ကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး သတ်မှတ်အသက်အရွယ် အကျုံးဝင်သူတိုင်းကို တစ်ပြိုင်နက် စစ်မှုထမ်းဆောင်စေတာမျိုးမဟုတ်ဘဲ သတ်မှတ်အရည်အချင်း ကိုက်ညီသူများအနက် ကျန်းမာရေးဆေးအဆင့် အောင်မြင်ပြီးသူတွေကိုသာ ပြည်သူ့စစ်မှုထမ်းအဖြစ် အလှည့်ကျ လစဉ်အင်အားအနည်းငယ်မျှ ခေါ်ယူလျက်ရှိပါတယ်။ ဥပဒေအရ အကျုံးဝင်သူများအနက် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နဲ့ ရွှေ့ဆိုင်းခွင့်ရရှိသူတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ စနစ်တကျ စိစစ်ရွေးချယ်ထားတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေကို စစ်မှုထမ်းဆောင်ချိန်မှာ လိုအပ်မယ့်စစ်ရေးအတတ်ပညာတွေ ကျွမ်းကျင်ပိုင်နိုင်စေဖို့၊ ကိုယ်ကာယကြံ့ခိုင် သန်စွမ်းစေဖို့နဲ့ စိတ်ဓာတ်ခံယူချက် မှန်ကန်ကောင်းမွန်စေဖို့အတွက် တပ်မတော်သင်တန်းကျောင်းအသီးသီးမှာ ဦးစွာစနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

ပြည်သူ့စစ်မှုထမ်းလူငယ်တိုင်းကို နိုင်ငံတော်ကာကွယ်ရေးအတွက်လိုအပ်တဲ့ စစ်ပညာရပ်တွေကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးထားပေမယ့်လည်း လူတိုင်းကို တိုက်ခိုက်ရေးတပ်ရင်းတွေမှာချည်း တာဝန်ပေးအပ်တာမျိုးမဟုတ်ဘဲ တစ်ဦးချင်းစီရဲ့ ပညာအရည်အချင်းနဲ့ ကျွမ်းကျင်မှုပညာရပ်တွေအပေါ်မူတည်ပြီး အခြားသင့်လျော်တဲ့ လက်ရုံးတပ်ဖွဲ့တွေမှာ ခွဲဝေကာ တာဝန်ချထားပေးလျက်ရှိပါတယ်။

တာဝန်ထမ်းဆောင်နေစဉ် ကာလတစ်လျှောက်လုံးမှာလည်း အမြဲတမ်းစစ်မှုထမ်းတွေနဲ့ တန်းတူလစာ၊ ရိက္ခာနဲ့ အခြားရပိုင်ခွင့် ခံစားခွင့်တွေကို အပြည့်အဝ ရရှိစေပါတယ်။ ဒါ့အပြင် စစ်မှုထမ်းသက်အတွင်းရရှိခဲ့တဲ့ တန်ဖိုးရှိလှတဲ့ အတွေ့အကြုံကောင်းတွေကြောင့် သူတို့ရဲ့ တစ်ကိုယ်ရေစည်းကမ်းပိုင်းတွေ ပိုမိုကောင်းမွန်လာသလို၊ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်တည်ငြိမ်မှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ ဖွဲ့ လုံ့လနဲ့ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှုတွေကိုပါ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ဧပြီလကနေစတင်လို့ ပြည်သူ့စစ်မှုထမ်းသင်တန်းတွေကို လစဉ်ဖွင့်လှစ်နိုင်ခဲ့ပြီး အခုဆိုရင် အမှတ်စဉ်(၂၀)အထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီသင်တန်းတွေကနေ မွေးထုတ်ပေးခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတွေဟာ လူထုလူတန်းစားအသီးသီးနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ကြကာ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို ကျရာအခန်းကဏ္ဍကနေပြီး တာဝန်သိနိုင်ငံ့သားကောင်းများအဖြစ် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။ အဲဒီတာဝန်သိနိုင်ငံ့သားကောင်းများထဲမှာ လူအများအထင်ကြီးလေးစားလေ့ရှိတဲ့ ဆေးပညာမဟာဘွဲ့ရ ဆရာဝန်တွေအပြင် အခြားဘွဲ့လွန်၊ ဘွဲ့ရပညာတတ်လူငယ်များလည်း ပါဝင်နေတာကို တွေ့မြင်နေရပါတယ်။

**သူရဲကောင်းစွမ်းရည်**
**ဘွဲ့တံဆိပ်ရရှိသူများလည်းရှိ**

ဒါ့အပြင် ရှေ့တန်းစစ်ဆင်ရေးတာဝန်တွေမှာ ရဲဝံ့စွန့်စားစွာဖြင့်တိုက်ပွဲဝင်ခဲ့ကြလို့ သူရဲကောင်းစွမ်းရည်ဘွဲ့တံဆိပ်ရရှိသူများလည်း ရှိနေကြောင်း ကြားသိရပါတယ်။ သင်တန်းကျောင်းက သင်ကြားပေးလိုက်တဲ့ စစ်အတတ်ပညာများကို အသုံးချပြီး စိတ်ဓာတ်ကောင်းကောင်းနဲ့ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြလို့ နှစ်ထပ်ကွမ်းစွမ်းရည်ဘွဲ့တံဆိပ်ရရှိသူများကိုလည်း ဂုဏ်ယူဖွယ်ရာ မြင်တွေ့နေရပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တယ်ဆိုတဲ့ မှန်ကန်တဲ့ယုံကြည်ချက်၊ ခံယူချက်နှင့် ခေတ်သစ်သမိုင်းမှာ ရှေ့ဆောင်လမ်းပြခဲ့တဲ့ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းတွေဟာ ပထမအသုတ်ကနေစပြီး အသုတ်လိုက်အသုတ်လိုက် တာဝန်ပြီးဆုံးလို့ အိမ်အပြန် အနာဂတ်ခရီးလမ်းကို စတင်လျှောက်လှမ်းကြတော့မှာ ဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်လုံခြုံရေးတာဝန်တွေကို ကျေပွန်စွာနဲ့ထမ်းဆောင်ခဲ့ကြတဲ့ သူတို့တွေရဲ့ အနာဂတ်ခရီးလမ်း သာယာဖြောင့်ဖြူးစေဖို့နဲ့ ဘဝအာမခံချက်တွေခိုင်မာစေဖို့ရန် နိုင်ငံတော်အစိုးရအနေနဲ့ **"စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"** ကိုဖွဲ့စည်းခဲ့ပြီး စစ်မှုထမ်းကာလပြည့်မြောက်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင်

*စာမျက်နှာ ၇ သို့*

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်

ဟားခါး မတ် ၉

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်အမျိုးသမီးရေးရာနာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCEDAW) ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သဖြင့် အမျိုးသမီးကဏ္ဍ လွန်စွာအရေးပါပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာစီမံကိန်းကို စနစ်တကျရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအဆင့် မဟာဗျူဟာစီမံကိန်းတွင် အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့်ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့်ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ အမျိုးသမီးများနှင့်စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့်မီဒီယာ၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်နှင့် အမျိုးသမီးငယ်ရွယ်များ စသည့် အဓိကလုပ်ငန်းနယ်ပယ် (၁၂) ရပ်ပါဝင်ကြောင်း၊ ၎င်းမဟာဗျူဟာစီမံကိန်းများ အောင်မြင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ ယခုနှစ်အတွက် ကုလသမဂ္ဂက သတ်မှတ်ပေးသည့်ဆောင်ပုဒ်က "တရားမျှတမှုနှင့် အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး" ဖြစ်သည့်အတွက် ဆောင်ပုဒ်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မှတ်တမ်း Video Clip ပြသပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စာမျက်နှာ ၆ မှ

ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများ ကြားသိမြင်တွေ့နေရပါတယ်။

အဲဒီစီမံခန့်ခွဲမှုကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီ ၅ ခု ဖွဲ့စည်းကာ ပြည်သူ့စစ်မှုထမ်းတာဝန် အောင်မြင်စွာထမ်းဆောင်ပြီးသူများကို တာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အလုပ်အကိုင်များရရှိနိုင်တဲ့ ရွေးချယ်စရာ လမ်းကြောင်းများ ဖော်ဆောင်ပေးလျက်ရှိပါတယ်။



စစ်ပညာများ သင်ကြားလေ့ကျင့်နေသည့် ပြည်သူ့စစ်မှုထမ်းများ။

စီမံခန့်ခွဲရေးကော်မတီက စီစဉ်ပေးထားတဲ့ ရွေးချယ်စရာလမ်းကြောင်းတွေထဲက **ပထမဆုံးလမ်းကြောင်းအနေနဲ့ တပ်မတော်ရဲ့ရင်ခွင်မှာ ဆက်လက်ခိုလှုံပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လိုသူတွေအတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုခြင်းဖြစ်ပါတယ်။** ပြည်သူ့စစ်မှုထမ်းလူငယ်တွေဟာ နှစ်နှစ်တာ စစ်မှုထမ်းကာလအတွင်းမှာ စစ်ပညာရပ်တွေကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားကြသလို၊ စည်းကမ်းလိုက်နာမှု၊ ရဲရင့်မှုနဲ့ ကြံ့ခိုင်မှုတွေကိုလည်း လက်တွေ့နယ်ပယ်မှာ သက်သေပြနိုင်ခဲ့ပြီးဖြစ်လို့ တပ်မတော်က ဂုဏ်ယူဝမ်းမြောက်စွာနဲ့ လက်ကမ်းကြိုဆိုသွားမှာဖြစ်ပါတယ်။ အမြဲတမ်းစစ်မှုထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူတွေကို လက်ရှိတာဝန်ထမ်းဆောင်ခဲ့တဲ့ နှစ်နှစ်တာကာလကို လုပ်သက်အဖြစ် အသိအမှတ်ပြုပေးသွားမှာဖြစ်ပြီး သူတို့ရဲ့အရည်အချင်းနဲ့ သင့်လျော်မယ့် ရာထူးအဆင့်ဆင့်ကိုလည်း တိုးမြှင့်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

အထူးသဖြင့် တက္ကသိုလ်တက်ရောက်ဆဲကျောင်းသားတွေနဲ့ တက္ကသိုလ်ဝင်တန်းအဆင့် အောင်မြင်ပြီးသူတွေကို တပ်ကြပ်ကြီးအဆင့်အထိ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သတ်မှတ်ထားတဲ့အရည်အချင်းနဲ့ ကိုက်ညီမှုရှိခဲ့ရင် သက်ဆိုင်ရာ ဗိုလ်သင်တန်းတွေကိုပါ ဝင်ရောက်ဖြေဆိုခွင့်ပြုသွားဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် **ဒီပထမလမ်းကြောင်းဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲရဲဝံ့ဝံ့စွန့်စားချင်တဲ့အပြင် တပ်မတော်သားဘဝကို မြတ်နိုးသူတွေအတွက် ဂုဏ်ယူဝင့်ကြွားစွာ ရွေးချယ်သင့်တဲ့ လမ်းကြောင်းကောင်းတစ်ခုပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုစေချင်တဲ့အချက်ကတော့ အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ဖို့ကို ဘယ်သူ့ကိုမှ အတင်းအကျပ် တွန်းအားပေးသွားမှာမဟုတ်ဘူးဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။** ကာယကံရှင်ကိုယ်တိုင်ရဲ့ဆန္ဒအရ တပ်မတော်သားဘဝကို အမှန်တကယ် ချစ်ခင်မြတ်နိုးပြီး စစ်သားကြီးလုပ်ချင်သူတွေကိုသာ လက်ခံပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

**ဒုတိယမြောက် ရွေးချယ်စရာလမ်းကြောင်းကတော့ အရပ်ဘက်နိုင်ငံ့ဝန်ထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူတွေအတွက် စီစဉ်ပေးထားတဲ့ အခွင့်အလမ်းကောင်းတစ်ခုပဲ ဖြစ်ပါတယ်။** ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီသူတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပူးပေါင်းကာ ဝန်ထမ်းအဖြစ် ဦးစားပေးခန့်အပ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုခန့်အပ်ရာမှာ မူလအသက် သတ်မှတ်ချက်ကို (၃) နှစ်အထိတိုးမြှင့် လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေထဲက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်သူတွေအနေနဲ့လည်း သတ်မှတ်ကာလပြည့်ပြီးပါက မူလနေရာဌာနများမှာ မူလတာဝန်တွေအတိုင်း ပြန်လည်ခန့်အပ်ပြီး စစ်မှုထမ်းကာလနှစ်နှစ်ကို လုပ်သက်အဖြစ်နဲ့ ထည့်သွင်းတွက်ချက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

> **“ ရှေ့တန်းစစ်ဆင်ရေးတာဝန်တွေမှာ ရဲဝံ့စွန့်စားစွာဖြင့် တိုက်ပွဲဝင်ခဲ့ကြလို့ သူရဲကောင်းစွမ်းရည်ဘွဲ့တံဆိပ်ရရှိသူများလည်း ရှိနေကြောင်း ကြားသိရပါတယ်။ သင်တန်းကျောင်းက သင်ကြားပေးလိုက်တဲ့ စစ်အတတ်ပညာများကို အသုံးချပြီး စိတ်ဓာတ်ကောင်းကောင်းနဲ့ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြလို့ နှစ်ထပ်ကွမ်းစွမ်းရည် ဘွဲ့တံဆိပ်ရရှိသူများကိုလည်း ဂုဏ်ယူဖွယ်ရာမြင်တွေ့နေရပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တယ်ဆိုတဲ့ မှန်ကန်တဲ့ယုံကြည်ချက်၊ ခံယူချက်နှင့် ခေတ်သစ်သမိုင်းမှာ ရှေ့ဆောင်လမ်းပြခဲ့တဲ့ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းတွေဟာ ပထမအသုတ်ကနေစပြီး အသုတ်လိုက် အသုတ်လိုက် တာဝန်ပြီးဆုံးလို့ အိမ်အပြန် အနာဂတ်ခရီးလမ်းကို စတင်လျှောက်လှမ်းကြတော့မှာဖြစ်ပါတယ် ”**

# ၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်



ပဲခူး မတ် ၉

၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီအခြေခံ အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေ ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနည်း အလိုက် နည်းပြများနှင့် သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နွေရာသီအခြေခံအားကစားသင်တန်းမှ အစပြုပြီး ဗီဇရင့်သန်သည့် အလားအလာရှိသော ရွက်ပုန်းသီး မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက် လာနိုင်စေရေးနှင့် ကျောင်းသား ကျောင်းသူများ နွေရာသီအားလပ်ရက်အချိန်ကို အကျိုးရှိစွာ အသုံးချ တတ်လာနိုင်စေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ် ကြောင်း၊ မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များကို နိုင်ငံတော်အတွက် တန်ဖိုး ရှိသော လူတော်လူကောင်းများဖြစ်လာစေရန် စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးသွားမည့် နွေ၊ မိုး၊ ဆောင်း နှစ်လုံးပေါက် အားကစားသင်တန်းများကို တက် ရောက်သင်ကြားနိုင်ရေး အားပေးပံ့ပိုးပေးသွားစေ လိုကြောင်း၊ နွေရာသီ အခြေခံအားကစားသင်တန်းမှ ရရှိလာသည့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စားကာ တိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမားမှတစ်ဆင့် နိုင်ငံ့ လက်ရွေးစင်အားကစားသမားများ ဖြစ်သည်အထိ လေ့ကျင့်၊ လေ့လာကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး အားကစားအထောက်အကူပြုပစ္စည်း များ ပေးအပ်သည်။

ထို့နောက် ကရာတေးအားကစားနည်း၊ မြန်မာ့ သိုင်းအားကစားနည်းနှင့် Fitness Dance အားကစား နည်းတို့ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားနည်း အလိုက် သရုပ်ပြသခဲ့သည့် အဖွဲ့များအား ချီးမြှင့်ငွေ များ ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင် မှုဖြင့် ၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးရာတွင် ဘောလုံး၊ အေရိုးဗစ်၊ Fitness Dance၊ ကရာတေး၊ လက်ဝှေ့၊ ဘတ်စကက်ဘော၊ မြန်မာ့သိုင်း၊ တင်းနစ်၊ ကြက်တောင် စသည့် အားကစားနည်း ကိုးမျိုးကို ပဲခူးမြို့ရှိ ဟံသာဝတီယူနိုက်တက် ဘောလုံးကွင်း၊ တိုင်းဒေသကြီး လူငယ်စင်တာ၊ တိုင်းဒေသကြီးအားကစားခန်းမ၊ ပုဏ္ဏားစုကျောင်းနှင့် ဟသ်ာတင်းနစ်ကွင်း စသည့်နေရာများ၌ မတ် ၉ ရက် မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၉

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်း တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုး ခန်းမ၌ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူး ချုပ် သူရဇော်လွင်စိုးနှင့် တာဝန် ရှိသူများက စာမေးပွဲဖြေဆိုနေ သည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးကြ သည်။



အဆိုပါ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာန ချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၁၂၆ ဦး ပါဝင်ယှဉ်ပြိုင် ဖြေဆိုခဲ့ ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့တွင် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး အ.ထ.က (ကမာဝက်) စာစစ်ဌာန၌ မတ် ၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအေးခိုင်၊ မုဒုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝေလင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဖုန်းမြင့်အေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။ ရာမည(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများ အား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ် ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှု



**မုံရွာ မတ် ၉**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးလွှတ်တော်ရုံးမှ တာဝန်ရှိသူများက လွှတ်တော်ကိုယ်စားလှယ်များ ကြိုပို့သွားလာရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ တည်းခိုနေရာချထားသွားမည့် အိပ်ဆောင်များ၊ ထမင်းစားဆောင်နှင့် လွှတ်တော်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်စွာဆောင်ရွက်ထားရှိမှု၊ လွှတ်တော်ကိုယ်စားလှယ်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လွှတ်တော်အစည်းအဝေးခန်းမ၊ လွှတ်တော်ကိုယ်စားလှယ်များနားနေခန်း၊ ရုံးခန်းများ၊ အိပ်ဆောင်များနှင့် ထမင်းစားအဆောင်တို့ကို ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး(၃/၂၀၂၆)သို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး တိုင်းဒေသကြီးဦးစီးမှူးက ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆)၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြေစာရင်းပုံစံ (၁၀၅/၁၀၆) QR Code စနစ် ထည့်သွင်းအသုံးပြုနိုင်ရေးသင်တန်းဖွင့်



**မန္တလေး မတ် ၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ကျင်းပသော မြေစာရင်းပုံစံ (၁၀၅/၁၀၆) QR Code စနစ် ထည့်သွင်း အသုံးပြုနိုင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ဖွင့်ပွဲတွင် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးညွန့်ဝင်းက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် စာရင်း၊ မြေပုံများကို ကိုင်တွယ်ထိန်းသိမ်း ဆောင်ရွက်ရသည့်ဌာနဖြစ်သည့်အတွက် ဌာနမှ ထိန်းသိမ်းထားသည့် မြေပုံနှင့် မှတ်ပုံတင်စာရင်းများအား စာရင်းမြေပုံကောက်နုတ်ချက် မိတ္တူရေးကူးပေးရန် လျှောက်ထားလာပါက မြေစာရင်းပုံစံ (၁၀၅)နှင့် မြေရာဇဝင် (၁၀၆) တို့ကို တည်ဆဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရေးကူးဆောင်ရွက်ပေးရကြောင်း၊ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ပေါ်တွင် QR Code စနစ်ထည့်သွင်း အသုံးပြုခြင်းကို Internet Access ရရှိသည့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများအားလုံးတွင် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ အသုံးပြုရမည်ဖြစ်ပြီး ကျန်မြို့နယ်ရုံးများသည် ယခင်ထုတ်ပေးထားသည့် နည်းလမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲမှ ဦးစီးအရာရှိ ဦးကိုကိုအောင်မျိုးညွန့်က မြေစာရင်းပုံစံ (၁၀၅/၁၀၆) QR Code စနစ် ထည့်သွင်းအသုံးပြုခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၄ မြို့နယ်မှ သင်တန်းသား ၆၉ ဦး တက်ရောက်ပြီး သင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**

❊ *ကျောဖုံးမှ*

အဲလာသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ် လင်ဒါနော်စကိုဗာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နော်စကိုဗာသည် ၆၄ ဦးနှင့် ၃၂ ဦးအဆင့်တွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် မာနဲရိုးနှင့် ဆိုရာနာတို့ကို ကျော်ဖြတ်ကာ ၁၆ ဦးအဆင့် တက်လှမ်းလာသူဖြစ်သည်။

ဖြိတိန်နာမည်ကြီး အမ်မာရာဒူကာနူသည် ၃၂ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် အနီဆီမိုဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်ခဲ့သည်။ အဲလာနှင့်အတူ အင်ဒီးယန်းဝဲလ်စ်အိုးပင်း ၁၆ ဦးအဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဆာဘယ်လင်ကာ၊ အိုဆာကာ၊ ပါအိုလီနီ၊ အမ်ဘိုကိုတို့ တက်ရောက်နိုင်ခဲ့သည်။ **အောင်ဇော်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မတ် ၉**
ကချင်ပြည်နယ်တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

# မန္တလေးမြို့ သီရိမာလာဈေး ကုန်စိမ်းတန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**မန္တလေး မတ် ၉**
မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သီရိမာလာဈေး ကုန်စိမ်းတန်း၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် ဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအသင်းမှ အသင်းဝင်များ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်သည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများအား လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် အရေးပေါ်ပိတ်မိလူနာများ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခြင်းကို မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၁

**ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု**

# မင်္ဂလာဒုံမြို့နယ်၌ လူငယ်များ၏ ရွှေရောင်အိပ်မက် ခေါင်းစဉ်ဖြင့် အသိပညာပေး



**ရန်ကုန် မတ် ၉**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့တွင် သပြေညိုပညာဒါန အကျိုးဆောင်အသင်းက ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူငယ်များ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်အသိပညာပေး ဟောပြောပွဲ၊ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်ပြပွဲကို မတ် ၆ ရက်က သပြေညိုသင်တန်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က "လူငယ်များ၏ ရွှေရောင်အိပ်မက်" ခေါင်းစဉ်ဖြင့် ပြောကြားသည်။

ထို့နောက် သပြေညိုပညာဒါန အကျိုးဆောင်အသင်း အတွင်းရေးမှူး ဦးနေဆန်းက ကျေးဇူးတင်စကား ပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်တွင် ပါဝင်ဆွေးနွေးကြသော သင်တန်းသား သင်တန်းသူများအား ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက သုတ၊ ရသ စာအုပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာများ၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ စသည်တို့ကို ခင်းကျင်းပြသရာ သင်တန်းသား သင်တန်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**

# လောင်စာဆီချွေတာရေး “စုံ”ရက်၊ “မ”ရက် ယာဉ်အသုံးပြုစီမံချက် ပူးပေါင်းပါဝင်ဆောင်ရွက်

ကိုရင်မောင်

လတ်တလောဖြစ်ပေါ်နေတဲ့ အရှေ့အလယ်ပိုင်းက စစ်ရေးပဋိပက္ခတွေကြောင့် စက်သုံးဆီတင်သွင်းမှု လမ်းကြောင်း အကျပ်အတည်းဖြစ်ပေါ်မှုဟာ ကမ္ဘာ့နိုင်ငံတွေအားလုံးကို ရိုက်ခတ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်အစိုးရက ပြည်သူတွေသိရှိလိုက်နာနိုင်ဖို့ ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်ပါတယ်။ လိုအပ်ချက်အရ လောင်စာဆီချွေတာရေးကို ရည်ရွယ်ပြီး စုံ/မ ယာဉ်အသုံးပြုမှုအစီအစဉ်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီအစဉ်ကို ထုတ်ပြန်လိုက်တဲ့အခါ ပြည်သူလူထုကြားမှာ သို့လောသို့လော ကြားလာရပါတယ်။ ပြည်သူအားလုံးရဲ့အသံတွေတော့မဟုတ်ပါဘူး။ စိစစ်ပေါက်ပေါက်လေ့လာကြည့်ရင် မော်တော်ယာဉ်ပိုင်ဆိုင်တဲ့သူတွေကြားက ပေါ်ထွက်လာတဲ့အသံအချို့ ဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်နဲ့ အများပြည်သူအတွက် အကျိုးရှိတဲ့ကိစ္စဖြစ်လို့ လက်ခံကြရမှာဖြစ်ပါတယ်။ စက်သုံးဆီ ခြိုးခြံချွေတာရေးအတွက် ပြည်သူသို့အသိပေးကြေညာချက်ကို ၂၀၂၆ ခုနှစ် မတ်လ ၃ ရက်နေ့က ထုတ်ပြန်လိုက်တဲ့အချိန်မှာ ပြည်သူတွေကြားမှာ စိုးရိမ်ပူပန်မှုတွေ အနည်းနဲ့အများဆိုသလို ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဂယက်ရိုက်ခတ်မှုအမျိုးမျိုးကြောင့် စက်သုံးဆီဆိုင်တွေမှာ မော်တော်ယာဉ်တွေ တန်းစီဝယ်ယူနေကြတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အရန်ဆီအလုံအလောက်ရှိလို့ နိုင်ငံအတွင်း စက်သုံးဆီပြတ်လပ်မှုမဖြစ်နိုင်ကြောင်းနဲ့ စိုးရိမ်ကြောင့်ကြမှုမဖြစ်စေဖို့ အသိပေးထုတ်ပြန်ချက်တွေ ဆက်တိုက်ထုတ်ပြန်ပေးခဲ့ပါတယ်။ စုံ/မ ယာဉ်အသုံးပြုမှုအစီအစဉ်စတင်တဲ့ မတ်လ ၇ ရက်နေ့မှာတော့ ပုံမှန်အခြေအနေအတိုင်းရှိနေတာကို တွေ့ရပါတယ်။

❝ လတ်တလောမှာ စက်သုံးဆီချွေတာသုံးစွဲရေးအတွက် ထုတ်ပြန်လိုက်တဲ့ ကြေညာချက်နဲ့ပတ်သက်လို့ ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်တွေအနေနဲ့ အခက်အခဲရှိနိုင်ပေမယ့် အများပြည်သူအကျိုးစီးပွားအတွက် နားလည်မှုရှိကြဖို့လိုပါတယ်။ ရေရှည်မှာ ဖြစ်ပေါ်လာနိုင်တဲ့ကိစ္စတွေကို တွက်ဆပြီးတော့ ခြိုးခြံချွေတာရေးအတွက် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ လောင်စာဆီအခက်အခဲကို မြန်မာနိုင်ငံအနေနဲ့ စနစ်တကျအဆင်ပြေစွာ ဖြတ်သန်းနိုင်ဖို့အတွက် ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အရန်ဆီအလုံအလောက်ရှိပါတယ်။ ဓာတ်ဆီဂါလန်သန်း ၆၀ ရှိပြီး ဒီဇယ်ဆီဂါလန်သန်း ၇၀ နီးပါးရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် ရန်ကုန်ဆိပ်ကမ်းမှာ စက်သုံးဆီတင်ဆောင်ထားတဲ့ သင်္ဘော နှစ်စင်းရှိပါတယ်။ ရေကြောင်းခရီးမှာ ဝယ်ယူပြီးသား စက်သုံးဆီ သင်္ဘော ၁၄ စင်း ရှိပါတယ်။ စက်သုံးဆီနဲ့ပတ်သက်ရင် ပြတ်လပ်စရာအကြောင်းမရှိလို့ ဆိုရမှာဖြစ်ပါတယ် ❞

## အကျိုးရလဒ်တွေရှိ

မတ်လ ၇ ရက်နေ့နောက်ပိုင်းမှာ နိုင်ငံအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်တွေမှာ မော်တော်ယာဉ်တွေ ပုံမှန်အတိုင်း ဆီဝယ်ယူနေကြတာကိုတွေ့ရပြီး ထူးခြားတာကတော့ လမ်းတွေပေါ်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေ၊ မော်တော်ယာဉ်ထူထပ်မှုတွေ လျော့ကျသွားတာကို တွေ့ရပါတယ်။ ပြည်သူတွေအနေနဲ့ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်တွေနဲ့ ပုံမှန်အတိုင်းသွားလာနေကြတာကို တွေ့ရပြီး ဝန်ထမ်းကြိုပို့ယာဉ်တွေ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးယာဉ်တွေ၊ စက်ရုံအလုပ်ရုံ လုပ်ငန်းသုံးယာဉ်တွေ၊ ကျောင်းကြို/ပို့ယာဉ်တွေလည်း ပုံမှန်အတိုင်း သွားလာနေကြတာကို တွေ့ရပါတယ်။ စက်ရုံအလုပ်ရုံ၊ ကုန်ပစ္စည်း၊ ကျောင်းနဲ့ပတ်သက်တဲ့ယာဉ်တွေနဲ့ စီးနင်းလိုက်ပါသူတွေအနေနဲ့ သက်ဆိုင်ရာအထောက်အထားတွေ ခိုင်ခိုင်မာမာထုတ်ဖော်ပြသဖို့ လိုပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ သန်းနဲ့ချီပြီးရှိတဲ့ မော်တော်ယာဉ်တွေကိုစိစစ်ရတာ လွယ်ကူတဲ့အလုပ်တော့မဟုတ်ပါဘူး။ ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတွေနဲ့အညီ လိုက်နာဆောင်ရွက်ကြရမှာက ပြည်သူတွေရဲ့တာဝန်ဖြစ်ပါတယ်။ ထုတ်ပြန်လိုက်တဲ့ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ အမိန့်တွေဟာ နိုင်ငံတော်နဲ့ အများပြည်သူအကျိုးစီးပွားအတွက် ဖြစ်ပါတယ်။ ပြည်သူတွေကို အကျပ်အတည်းဖြစ်အောင် လုပ်ဆောင်တာမဟုတ်ဘဲ အမိန့်ထုတ်ပြန်လိုက်ခြင်းကြောင့် ပေါ်ထွက်လာမယ့် အကျိုးရလဒ်တွေကို အချိန်တန်ရင် သိရှိခံစားကြရမှာဖြစ်ပါတယ်။ လတ်တလောမှာတော့ ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်တော့ဘဲ ပတ်ဝန်းကျင်နဲ့ လေထုသန့်ရှင်းမှုကို အထောက်အကူပြုနေတာကို တွေ့ရပါတယ်။

## သတိပြုဆောင်ရွက်

လက်ရှိကာလဟာ ပညာပေးကာလဖြစ်ပြီး စည်းကမ်းလိုက်နာတဲ့ မော်တော်ယာဉ်တွေကို တွေ့ရှိရသလို မလိုက်နာတဲ့မော်တော်ယာဉ်အချို့ကိုလည်း တွေ့ရှိခဲ့ရပါတယ်။ မကြာမီရက်ပိုင်းမှာတော့ စည်းကမ်းသတ်မှတ်ချက်တွေ ဖောက်ဖျက်ကျူးလွန်တဲ့ မော်တော်ယာဉ်တွေကို တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်သွားတော့မှာကို သတိပြုဖို့လိုပါတယ်။ ပြည်သူတွေ သွားလာရေးအဆင်ပြေချောမွေ့စေဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ အရှိန်အဟုန်မပျက် လည်ပတ်စေဖို့အတွက် မတ်လ ၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့တဲ့ ကြေညာချက် အပုဒ် ၂၊ ပုဒ်မခွဲ(ခ)မှာ ဖော်ပြထားတဲ့ နေ့စဉ်အသုံးပြုနိုင်တဲ့ မော်တော်ယာဉ်တွေအနေနဲ့ သုံးစွဲတဲ့အခါမှာ အခေါက်ရေအနည်းဆုံးနဲ့သုံးစွဲတဲ့ ယာဉ်စီးရေအနည်းဆုံးဖြစ်အောင် ကန့်သတ်ခြိုးခြံသုံးစွဲဖို့နဲ့ အထောက်အထားမှန်မှန်ကန်ကန် ဆောင်ရွက်ကြဖို့လိုပါတယ်။ ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်တွေနဲ့ ခွင့်ပြုထားတဲ့ လုပ်ငန်းသုံးယာဉ်တွေဟာ ရောထွေးနေတတ်တဲ့အတွက် အထောက်အထား ခိုင်ခိုင်မာမာ ရှိဖို့လိုပါတယ်။

လတ်တလောမှာ စက်သုံးဆီချွေတာသုံးစွဲရေးအတွက် ထုတ်ပြန်လိုက်တဲ့ကြေညာချက်နဲ့ပတ်သက်လို့ ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်တွေအနေနဲ့ အခက်အခဲရှိနိုင်ပေမယ့် အများပြည်သူအကျိုးစီးပွားအတွက် နားလည်မှုရှိကြဖို့လိုပါတယ်။ ရေရှည်မှာ ဖြစ်ပေါ်လာနိုင်တဲ့ကိစ္စတွေကို တွက်ဆပြီးတော့ ခြိုးခြံချွေတာရေးအတွက် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ လောင်စာဆီအခက်အခဲကို မြန်မာနိုင်ငံအနေနဲ့ စနစ်တကျအဆင်ပြေစွာ ဖြတ်သန်းနိုင်ဖို့အတွက်ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အရန်ဆီအလုံအလောက်ရှိပါတယ်။ ဓာတ်ဆီဂါလန်သန်း ၆၀ ရှိပြီး ဒီဇယ်ဆီဂါလန်သန်း ၇၀ နီးပါးရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် ရန်ကုန်ဆိပ်ကမ်းမှာ စက်သုံးဆီတင်ဆောင်ထားတဲ့ သင်္ဘောနှစ်စင်းရှိပါတယ်။ ရေကြောင်းခရီးမှာ ဝယ်ယူပြီးသား စက်သုံးဆီ သင်္ဘော ၁၄ စင်းရှိပါတယ်။ စက်သုံးဆီနဲ့ပတ်သက်ရင် ပြတ်လပ်စရာအကြောင်းမရှိလို့ ဆိုရမှာဖြစ်ပါတယ်။

## ကောင်းမွန်တဲ့အစီအမံ

မြန်မာနိုင်ငံရဲ့ စက်သုံးဆီသုံးစွဲမှု ပုံမှန်အခြေအနေတွေအရ တစ်ရက်လျှင် ဓာတ်ဆီ ၁ ဒသမ ၅ သန်း ဂါလန်ရှိပြီး ဒီဇယ်ဆီ တစ်ရက်လျှင် ၁ ဒသမ ၇ သန်း ဂါလန်ရှိပါတယ်။ စုစုပေါင်း တစ်ရက်လျှင် စက်သုံးဆီ ဂါလန် ၃ ဒသမ ၂ သန်းခန့်သုံးစွဲနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိပြီး အရန်ဆီအနေနဲ့ နောက်ထပ်ရက်ပေါင်း ၄၀ စာ စိတ်ချစွာ သုံးစွဲနိုင်ပါတယ်။ ဖြစ်ပေါ်နေတဲ့ အရှေ့အလယ်ပိုင်းပဋိပက္ခဟာ မပြီးဆုံးသေးတဲ့အတွက် စက်သုံးဆီနဲ့ပတ်သက်လို့ စိန်ခေါ်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာ့စက်သုံးဆီနဲ့ပတ်သက်လို့ စိန်ခေါ်မှုတွေ အမျိုးမျိုးအဖုံဖုံ ရှိလာဦးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုလိုအချိန်အခါမှာ စက်သုံးဆီနဲ့ပတ်သက်လို့ ခြိုးခြံချွေတာသုံးစွဲတဲ့အလေ့အထကို ပြုလုပ်လိုက်တာဟာ အနာဂတ်အတွက်ကောင်းမွန်တဲ့ အစီအမံတစ်ခုလို့ ဆိုချင်ပါတယ်။

အဆိုးထဲကအကောင်းအနေနဲ့ အကောင်အထည်ဖော်လိုက်ခြင်းလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကြားထဲက ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေတာကိုတွေ့ရပါတယ်။ ပြည်သူလူထုကလည်း နိုင်ငံတော်အစိုးရနဲ့ လိုက်လျောညီထွေစွာ ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ ပြည်သူတွေအနေနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ စည်းကမ်းတွေ လိုက်နာတဲ့အပိုင်းမှာ အားနည်းနေတာကို တွေ့နိုင်ပါတယ်။ ယခု လောင်စာဆီခြိုးခြံချွေတာရေးအတွက် “စုံ/မ” ယာဉ်မောင်းနှင်အသုံးပြုတဲ့ စည်းကမ်း၊ စက်သုံးဆီသုံးစွဲတဲ့စည်းကမ်းဟာ နိုင်ငံသားတွေ စည်းကမ်းတကျလိုက်နာဆောင်ရွက်တတ်တဲ့ အလေ့အထအဖြစ် စံနမူနာပြဆောင်ရွက်ရာရောက်ပါတယ်။

## ကန့်သတ်ပြုလုပ်

တကယ်တော့ “စုံ”ရက်၊ “မ”ရက် ခွဲခြားပြီး မော်တော်ယာဉ်မောင်းနှင်တဲ့စနစ်ဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း လုပ်နေတာမဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စု၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ အိုက်စလန်၊ ယူဂန္ဓာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံတွေမှာ အစောပိုင်းကတည်းက ကျင့်သုံးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ယခုမှ စတင်ကျင့်သုံးတာဖြစ်ပါတယ်။ ဒီစနစ်ကို သတ်မှတ်ကျင့်သုံးလိုက်တာကြောင့် တစ်ရက်လျှင် စက်သုံးဆီသုံးစွဲမှုပမာဏထက်ဝက်ခန့်လျှော့ချနိုင်ခဲ့ပါတယ်။ စုံရက်၊ မရက်ခွဲကာ မော်တော်ယာဉ်မောင်းနှင်တာသာမက မော်တော်ယာဉ်မသုံးစွဲရနေ့ (Dry Day) သတ်မှတ်ပြီး မော်တော်ယာဉ်မောင်းနှင်မှု ကန့်သတ်တာတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံမှာ မော်တော်ယာဉ်မသုံးစွဲရနေ့ (Dry Day) ပြုလုပ်ခဲ့ဖူးပါတယ်။

❝ တကယ်တော့ “စုံ”ရက်၊ “မ”ရက် ခွဲခြားပြီး မော်တော်ယာဉ်မောင်းနှင်တဲ့စနစ်ဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း လုပ်နေတာမဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စု၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ အိုက်စလန်၊ ယူဂန္ဓာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံတွေမှာ အစောပိုင်းကတည်းက ကျင့်သုံးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ယခုမှ စတင်ကျင့်သုံးတာဖြစ်ပါတယ်။ ဒီစနစ်ကို သတ်မှတ်ကျင့်သုံးလိုက်တာကြောင့် တစ်ရက်လျှင် စက်သုံးဆီသုံးစွဲမှုပမာဏထက်ဝက်ခန့် လျှော့ချနိုင်ခဲ့ပါတယ်။ စုံရက်၊ မရက်ခွဲကာ မော်တော်ယာဉ်မောင်းနှင်တာသာမက မော်တော်ယာဉ်မသုံးစွဲရနေ့ (Dry Day) သတ်မှတ်ပြီး မော်တော်ယာဉ်မောင်းနှင်မှု ကန့်သတ်တာတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံမှာ မော်တော်ယာဉ်မသုံးစွဲရနေ့ (Dry Day) ပြုလုပ်ခဲ့ဖူးပါတယ် ❞

နိုင်ငံတကာမှာ “စုံ”ရက်၊ “မ”ရက် ယာဉ်မောင်းနှင်တဲ့စနစ် ကျင့်သုံးရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ (၁) စစ်ပွဲဖြစ်ပွားစဉ် သို့မဟုတ် ရေနံတင်သွင်းမှု ပိတ်ဆို့ရပ်ဆိုင်းသွားတဲ့အချိန်၊ (၂) နိုင်ငံခြားငွေပြတ်လပ်လို့ စက်သုံးဆီအလုံအလောက်မဝယ်နိုင်တဲ့အချိန်၊ (၃) မြို့ကြီးတွေမှာ လေထုညစ်ညမ်းမှုနဲ့ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချဖို့ လိုအပ်နေတဲ့အချိန်တွေမှာ “စုံ”ရက်၊ “မ”ရက်စနစ်ကို နိုင်ငံတွေအနေနဲ့ ကျင့်သုံးကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနဲ့

*စာမျက်နှာ ၁၁ သို့*

# ကြို့ပင်ကောက်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုများအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး



ကြို့ပင်ကောက် မတ် ၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယနေ့ ကွင်းဆင်းစစ်ဆေးသည်။

ကြို့ပင်ကောက်မြို့အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုရမည့် စာစစ်ဌာနများဖြစ်သော အထက(လယ်တီ) စာစစ်ဌာန၊ အထက (ပန်းတင်)၊ အထက(ကြို့ပင်ကောက်) နှင့် အထက (ရွှေပန်းတော) ကျောင်းများသို့ သွားရောက်ပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့်အဖွဲ့က တွေ့ဆုံ၍ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ကျောင်းတွင်း/ ကျောင်းပြင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ မီးဘေးလုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း (ကြို့ပင်ကောက်)**

## ပုဗ္ဗသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

နေပြည်တော် မတ် ၉

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အမှတ်(၁)ရပ်ကွက် ပိတောက်လမ်းဘေးရှိ အားကစားဆိုင်ခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း လုပ်ငန်းများကို ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောနိုင်၏ ဦးဆောင်မှုဖြင့် ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင် ကြီးကြပ်၍ ပုဗ္ဗသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း၊ ဆိုင်ခန်းတိုင်း မီးသတ်ဆေးဘူး အသင့်ထားရှိစေရေး



အသိပညာပေးဆွေးနွေးခြင်း၊ မီးသတ်ဆေးဘူး လက်တွေ့ကိုင်တွယ်အသုံးချနည်းစနစ်များကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

## မြို့သစ်မြို့နယ်စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

မြို့သစ် မတ် ၉

၂၀၂၆ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ ဈေးများမီးလောင်မှုမဖြစ်ပွားစေရေးနှင့် ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းကျဆင်းစေရေးအတွက် နိုင်ငံပိုင်/ ပုဂ္ဂလိကပိုင်ဈေးများအားလုံးကို မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ယမန်နေ့က မြို့မစည်ပင်သာယာဈေးကြီးအတွင်း မီးလောင်မှု/မီးလန့်မှု မဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ မီးဘေးလုံခြုံရေးကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များပူးပေါင်း၍ မြို့မစည်ပင်သာယာဈေးကြီးအတွင်း ဈေးသူဈေးသားများအား ဈေးဖွင့်/ပိတ်ချိန်များတွင် မီးသတိမူရေးစစ်ဆေးသတိပေးခြင်း၊ လုံခြုံရေးမီးမှ(အပ) ဈေးဆိုင်ခန်းများတွင် လျှပ်စစ်မီးသုံးစွဲမှုရှိ/မရှိစစ်ဆေးခြင်း၊ ဈေးအတွင်းမီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် တိုက်ကင်းအသင့်ထားရှိခြင်း၊ မီးဘေးလုံခြုံရေးပစ္စည်းများ အသင့်ထားရှိခြင်း ရှိ/ မရှိနှင့် မီးသတိပေးပိုစတာဆိုင်းဘုတ်များ၊ အရေးပေါ်ဆက်သွယ်ရမည့် မီးသတ်စခန်းဖုန်းနံပါတ်များ ချိတ်ဆွဲထားရှိခြင်းနှင့် ဈေးမီးဘေးလုံခြုံရေးကင်းများ တာဝန်ချထားမှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား"** ခေါင်းစဉ်ဖြင့် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် **"ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ်အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၀ မှ*

**နိုင်ငံရဲ့အရေးကြီးတဲ့ အုပ်ချုပ်ရေးယန္တရားလုပ်ငန်းစဉ်တွေ မထိခိုက်စေဖို့အတွက် စက်သုံးဆီသုံးစွဲမှုကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်လာပါတယ်။ မကြာသေးမီကာလတွေမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ မြန်မာနိုင်ငံမှာ လေထုညစ်ညမ်းမှုတွေကို ဖြေလျှော့ပေးဖို့လည်း လိုအပ်လာပါတယ်။**

### အကျိုးရှိထိရောက်

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတွေအနေနဲ့ မော်တော်ယာဉ်မသုံးစွဲရ အစီအမံတွေကို စက်သုံးဆီသုံးစွဲမှုပြဿနာတွေ၊ လေထုညစ်ညမ်းမှုပြဿနာတွေ၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာတွေကို လျှော့ချဖို့အတွက်သာမက အများပြည်သူတွေအတွက် စိမ်းလန်းသန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ လူမှုအသိုက်အဝန်းနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ မြို့ပြဘဝကို ဖန်တီးနိုင်ဖို့အတွက် မျှော်မှန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နောက်ထပ် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမပြုသရွေ့ ထိုအစီအစဉ်ကို ပြည်သူတွေအနေနဲ့ လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တကယ်တော့ "စုံ"ရက်၊ "မ"ရက် မော်တော်ယာဉ်သုံးစွဲခြင်းနဲ့ပတ်သက်လို့ မော်တော်ယာဉ်ပိုင်ဆိုင်တဲ့သူတွေအနေနဲ့ အခက်အခဲ တစ်စုံတစ်ရာရှိနိုင်ပေမယ့် မိမိအတွက်ရော အများပြည်သူအတွက်ပါ အကျိုးရှိထိရောက်တဲ့စနစ်ဖြစ်တာကို နားလည်ပေးဖို့ လိုပါတယ်။

**မော်တော်ယာဉ်ကို မသုံးစွဲလိုက်ရတဲ့အတွက် မိမိအတွက် အကုန်အကျစရိတ်အမျိုးမျိုး များစွာ သက်သာသွားပါမယ်။ သတ်မှတ်ထားတဲ့ မသုံးစွဲရတဲ့နေ့မှာ မဖြစ်မနေသွားရမယ်ဆိုရင်လည်း အများပြည်သူသုံးယာဉ်တွေကို အသုံးပြုနိုင်ပါတယ်။ အများပြည်သူသုံးယာဉ်တွေကို အသုံးမပြုချင်ရင်လည်း အငှားမော်တော်ယာဉ်တွေကို ငှားရမ်းစီးနင်းနိုင်ပါတယ်။ တကယ်တော့ အခက်အခဲမရှိတဲ့အပြင် အကျိုးရလဒ်များစွာရှိနေပါတယ်။ ယခုအခြေအနေမှာ အချို့နိုင်ငံတွေအနေနဲ့ အရန်စက်သုံးဆီ တစ်ပတ်စာခန့်သာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရန်စက်သုံးဆီ ရက် ၄၀ စာခန့် အလုံအလောက်ရှိတဲ့အပြင် "စုံ"ရက်၊ "မ"ရက် စီမံချက်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် စက်သုံးဆီအတွက် ပူပန်စရာအကြောင်း လုံးဝရှိမှာမဟုတ်တာ သေချာပါတယ်။ စက်သုံးဆီရောင်းချတာနဲ့ ပတ်သက်လို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အရောင်းဆိုင်တွေမှာ ဆီလက်ကျန် အမှန်တကယ် ရှိ/မရှိနဲ့ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးပေးလျက်ရှိပါတယ်။**

စက်သုံးဆီနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ဖို့နဲ့ ပြည်သူတွေအနေနဲ့ ယခုလိုနွေရာသီကာလမှာ စက်သုံးဆီကို ဝယ်ယူစုဆောင်းသိမ်းဆည်းထားခြင်း မပြုလုပ်ဖို့လိုအပ်ပါတယ်။ မော်တော်ယာဉ်အသုံးပြုသူတွေအနေနဲ့ "စုံ"ရက်၊ "မ"ရက်ခွဲခြားသတ်မှတ်တဲ့ အစီအစဉ်ကို တိတိကျကျလိုက်နာဆောင်ရွက်ဖို့နဲ့ လက်တစ်လုံးခြား မပြုလုပ်ဖို့လိုပါတယ်။ စည်းကမ်းဥပဒေကို ဖောက်ဖျက်ပါက ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ အရေးယူခံရနိုင်တာကိုလည်း အထူးသတိပြုဖို့လိုပါတယ်။ စက်သုံးဆီ ချွေတာသုံးစွဲခြင်းဟာ မိမိအတွက်ရော အများပြည်သူအတွက်ပါ အကျိုးရှိစေရုံသာမက ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်တဲ့အတွက် နိုင်ငံတော်က အကောင်းဆုံး စီမံဆောင်ရွက်တဲ့ "စုံ"ရက်၊ "မ"ရက် ယာဉ်အသုံးပြုတဲ့အစီအစဉ်မှာ ကြည်ဖြူစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ အသိပေးနှိုးဆော်အပ်ပါတယ်။ ။

# ပြည်သူ့ကိုယ်စားလှယ်များ

အငြိမ်းစားဥပဒေအရာရှိတစ်ဦး

**ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများတွင် အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပါသည်။ ထိုအချုပ်အခြာအာဏာကို နိုင်ငံသားများက ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များ (Members of Parliament) က ခံယူကျင့်သုံးကြပါသည်။**

ဒီမိုကရေစီဆိုသည်မှာ ပြည်သူများ၏ အာဏာ အပ်နှင်းခြင်းခံရသော အစိုးရက ပြည်သူများ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် အချုပ်အခြာအာဏာကို ကျင့်သုံးသည့်စနစ်ဖြစ်ပါသည်။ ပြည်သူများ ရွေးကောက်တင်မြှောက်သောပုဂ္ဂိုလ်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါသည်။ ထိုပြည်သူ့ကိုယ်စားလှယ်များ စုဝေးပြီး အစည်းအဝေး ကျင်းပသည့်နေရာကို လွှတ်တော်ဟု အသိအမှတ်ပြုကြပါသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် လွှတ်တော်ကဲ့သို့သော အဖွဲ့အစည်းကို ပါလီမန် (Parliament) ဟု ခေါ်ဆိုကြပါသည်။ ဂျပန်နိုင်ငံတွင် Diet ဟုလည်းကောင်း၊ အမေရိကန်နိုင်ငံတွင် Congress ဟုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် The National People's Congress ဟုလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဒူးမား (Duma)ဟု လည်းကောင်း ခေါ်ဆိုကြပါသည်။

အချို့သောနိုင်ငံများတွင် လွှတ်တော်နှစ်ရပ် (Bicameral)စနစ် ကျင့်သုံးပြီး အချို့သောနိုင်ငံများတွင် လွှတ်တော်တစ်ရပ် (Unicameral) စနစ်ကို ကျင့်သုံးကြပါသည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ် ပေါင်းစည်းထားသည့် Bicameral စနစ်ကို ကျင့်သုံးပါသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်များကို ဖွဲ့စည်းထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရေအတွက်နှင့် အရည်အချင်းကို သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းသတ်မှတ်ထားရှိပါသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး(စီမံခန့်ခွဲရေး)နှင့် တရားစီရင်ရေးဟု ကဏ္ဍကြီးသုံးရပ်ပိုင်းခြားကျင့်သုံးကြပါသည်။ ဥပဒေပြုရေးအာဏာကို ဥပဒေပြုအဖွဲ့ (Legis-lature)က ကိုင်တွယ်ကျင့်သုံးပါသည်။ မြန်မာနိုင်ငံတွင်ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်က ကျင့်သုံးပါသည်။ ထိုအဖွဲ့များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်ပြည်သူများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များ (Members of Parliament) ဖြင့် ဖွဲ့စည်းထားပါသည်။ ထိုအဖွဲ့အစည်းများ၏ အဓိကတာဝန်မှာ ဥပဒေပြုခြင်း(Legislation) ဖြစ်ပါသည်။ ဥပဒေပြုရာတွင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုရေးနှင့် ဆက်စပ်သော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရပါသည်။ ဥပဒေပြုအဖွဲ့ (မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ကဲ့သို့ အဖွဲ့အစည်း)က အတည်ပြုပြီးသောအခါ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာရပါသည်။

ပြည်သူများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များ (Members of Parliament) ၏ တာဝန်များမှာ သက်ဆိုင်ရာနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအရ အနည်းငယ်ကွဲပြားမှုရှိသော်လည်း အခြေခံကျသည့်တာဝန်များမှာ တူညီမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

> “ ပြည်သူ့ကိုယ်စားလှယ်များ (လွှတ်တော်ကိုယ်စားလှယ်များ)၏ အဓိကကျသောတာဝန်မှာ ဥပဒေပြုရေးဖြစ်ပါသည်။ နိုင်ငံတော်တွင် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများကို အဆိုပြုခြင်း၊ ထိုအဆိုပြုသည့် ဥပဒေများကို ဆွေးနွေးခြင်းနှင့် ဆန္ဒမဲပေးခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း (ပယ်ဖျက်ခြင်း)၊ အစားထိုးခြင်း စသည့်ဥပဒေပြုရေး တာဝန်ကို ထမ်းဆောင်ကြရပါသည် ”

### ဥပဒေပြုရေးတာဝန်

ပြည်သူ့ကိုယ်စားလှယ်များ (လွှတ်တော်ကိုယ်စားလှယ်များ)၏ အဓိကကျသောတာဝန်မှာ ဥပဒေပြုရေးဖြစ်ပါသည်။ နိုင်ငံတော်တွင် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများကို အဆိုပြုခြင်း၊ ထိုအဆိုပြုသည့် ဥပဒေများကို ဆွေးနွေးခြင်းနှင့် ဆန္ဒမဲပေးခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း (ပယ်ဖျက်ခြင်း)၊ အစားထိုးခြင်း စသည့် ဥပဒေပြုရေး တာဝန်ကို ထမ်းဆောင်ကြရပါသည်။

### ကိုယ်စားပြုခြင်း

ပြည်သူ့ကိုယ်စားလှယ်များသည် မိမိတို့အား ရွေးကောက်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များကို ကိုယ်စားပြုရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲမတိုင်မီကာလက မိမိတို့အား ရွေးကောက်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များအား မဲဆွယ်စည်းရုံးခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်းများ ပြုခဲ့ကြပါသည်။ ရွေးကောက်ပွဲ အနိုင်ရရှိပြီးသည့်အခါတွင်လည်း မဲဆန္ဒရှင်များနှင့်တွေ့ဆုံပြီး မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် မိမိမဲဆန္ဒနယ်များ ဖွံ့ဖြိုးတိုးတက်မှုကို အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြပေးနိုင်ရေးအတွက် မဲဆန္ဒရှင်များအား ကိုယ်စားပြုရန် လိုအပ်ပါသည်။

### အပြန်အလှန်စစ်ဆေးကြပ်မတ်ခြင်း

နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်အား ခွဲဝေပိုင်းခြားကျင့်သုံးသည့်မှု (Principle of Separation of Power) ကို ကမ္ဘာ့နိုင်ငံအများစုတွင် ကျင့်သုံးကြပါသည်။ ထို့ပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး (စီမံခန့်ခွဲရေး)နှင့် တရားစီရင်ရေး ကဏ္ဍကြီးသုံးရပ်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်းသည့် (Check and Balance) မှုကို ကျင့်သုံးကြပါသည်။ ထို့ကြောင့် ဥပဒေပြုရေးကဏ္ဍမှ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍ (စီမံခန့်ခွဲရေး)နှင့် တရားစီရင်ရေးကဏ္ဍတို့ကို စိစစ်သုံးသပ်မှုများ ပြုရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ၊ မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ သက်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများအား အစီရင်ခံစာများ တင်သွင်းစေခြင်း စသည့်နည်းလမ်းများဖြင့် ကဏ္ဍတစ်ရပ်နှင့်တစ်ရပ် အပြန်အလှန်ထိန်းကျောင်းမှု ပြုရပါသည်။

### ကော်မတီလုပ်ငန်းများ

ပါလီမန်များ၊ လွှတ်တော်များတွင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေများအရ ကော်မတီများ၊ ကော်မရှင်များကို ဖွဲ့စည်းထားရှိပါသည်။ ဥပမာအားဖြင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်အခွင့်အရေးကော်မတီ၊ ကျန်းမာရေးနှင့်သက်ဆိုင်သောကော်မတီ၊ ပညာရေးနှင့် သက်ဆိုင်သော ကော်မတီ၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးနှင့် သက်ဆိုင်သော ကော်မတီ၊ ပြည်သူများ တိုင်ကြားစာ ကော်မတီ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များရေးရာကော်မတီ စသည်ဖြင့် ကော်မတီများကို ဖွဲ့စည်းလေ့ရှိပါသည်။ ပြည်သူ့ကိုယ်စားလှယ်များ (လွှတ်တော်ကိုယ်စားလှယ်များ)သည် ထိုကော်မတီများတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

### ပါတီလုပ်ငန်းတာဝန်များ

ပြည်သူ့ကိုယ်စားလှယ်များတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရှိသကဲ့သို့ ပါတီကိုယ်စားပြု ရွေးချယ်ခံရသည့် ကိုယ်စားလှယ်များလည်း ရှိပါသည်။ ပါတီကိုယ်စားပြု ကိုယ်စားလှယ်များသည် မိမိတို့ကိုယ်စားပြုသည့် နိုင်ငံရေးပါတီ၏ လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရပါသည်။ သို့ရာတွင် သက်ဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်အရ သတ်မှတ်ထားသော နိုင်ငံတော်တာဝန်များ (ဥပမာ-ဝန်ကြီးအဖြစ် ခန့်အပ်ခံရခြင်း) ပေးအပ်ခြင်းခံရပါက ၎င်းကိုယ်စားပြုသည့် နိုင်ငံရေးပါတီ၏ တာဝန်များကို ထိုခန့်အပ်ခြင်းခံရသည့် နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ဆောင်ရွက်ခွင့်မရှိပါ။

### မြန်မာနိုင်ငံ၏လွှတ်တော်ကိုယ်စားလှယ်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုခြင်းဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း ဥပဒေပြုခွင့်ရှိပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကြမ်းများကို တင်သွင်းခွင့်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးလုပ်ငန်းဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကို အပြန်အလှန်ထိန်းကျောင်းခြင်း ပြုပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုများ တင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာများတင်သွင်းခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ပြီး မဲဆန္ဒရှင်ပြည်သူများနှင့် အစဉ်ထိတွေ့နေရန် လိုအပ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းထားရှိပါသည်။ ထို့ပြင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို တင်ပြရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ထိုကဲ့သို့သော အဖွဲ့အစည်းများတွင်လည်း တာဝန်ပေးအပ်ခြင်းခံရပါက ပါဝင်ဆောင်ရွက်ရပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များကို ဖွဲ့စည်းထားရှိပါသည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ဥပဒေများတွင် ပြဋ္ဌာန်းထားသည့် တာဝန်များကို ထမ်းဆောင်ရပါသည်။

### ပြည်သူ့ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံကို တည်ဆောက်ပြီး အာဏာကို ခွဲဝေကျင့်သုံးကြပါသည်။ အချုပ်အခြာအာဏာတွင်ပါရှိသော ဥပဒေပြုအာဏာကို ပါလီမန်ကဲ့သို့သော အဖွဲ့အစည်းက ခံယူကျင့်သုံးပါသည်။ ထိုပါလီမန်တွင် တက်ရောက်ရမည့်ကိုယ်စားလှယ်များကို သက်ဆိုင်ရာနိုင်ငံ၏ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများ၏ လွတ်လပ်သော ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ပါသည်။

ထိုသို့ပြည်သူများ ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံတော်၏ အကြီးအကဲကို ရွေးကောက်တင်မြှောက်ပါသည်။ (အချို့သောနိုင်ငံများတွင် နိုင်ငံတော်သမ္မတကို ပြည်သူများက တိုက်ရိုက်ဆန္ဒမဲပေးသည့်စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။) အလားတူပင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ပါလီမန်က နိုင်ငံတော်၏ အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း ခန့်အပ်တာဝန်ပေးပါသည်။

ပြည်သူ့ကိုယ်စားလှယ်များသည် အဓိကအားဖြင့်ဥပဒေပြုရေးတာဝန်ကိုထမ်းဆောင်ရသည့်အပြင် အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းများဖြစ်သော ဥပဒေပြုရေးကဏ္ဍ၊ စီမံခန့်ခွဲရေး(အုပ်ချုပ်ရေး)ကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့၏ အပြန်အလှန်ထိန်းကျောင်းခြင်းတာဝန်နှင့် ပြည်သူကို ကိုယ်စားပြုခြင်းတာဝန်တို့ကို ထမ်းဆောင်ကြရပါသည်။ ထို့ကြောင့် နိုင်ငံတိုင်းတွင် ပြည်သူ့ကိုယ်စားလှယ်များသည် အလွန်အရေးကြီးသော ပုဂ္ဂိုလ်များဖြစ်ပါသဖြင့် ထိုပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်နှင့် အခန်းကဏ္ဍကို အကျဉ်းချုပ်လေ့လာတင်ပြခြင်းဖြစ်ပါသည်။ ။

# ပျဉ်းမနားမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများပြင်ဆင်ထားရှိမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၉**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများပြင်ဆင်ထားရှိမှု၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် ပျဉ်းမနားမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၌ ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် စာဖြေခန်းများ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက်ကာလ လူငယ်အကျိုးပြုသင်တန်းများဖြစ်သည့် အင်္ဂလိပ်စာ (Grammar) သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက အင်္ဂလိပ်စာ (Grammar) သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းများ သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပြီး မြို့တော်အား Clean City, Green City, Smart City ဖြစ်စေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းယန်းမြို့ လူထုအခြေပြုဗဟိုဌာန၌ တရားမဝင်လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းယန်း မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် တရားမဝင်လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး



က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ဇာဇာဝင်းက အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကာ မြို့နယ်ဥပဒေအရာရှိဦးအောင်မျိုးဦးက လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးမှုဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းများ၊ နောက်ဆက်တွဲ ဖြစ်စေနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများ၊ လူကုန်ကူးမှုဆိုင်ရာ အရေးယူ ဆောင်ရွက်နိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ချမှတ်နိုင်သည့် ပြစ်မှု ပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှုဆိုင်ရာ အကြောင်းအရာများကို အသိ ပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ကိုပြသခဲ့ပြီး အသိပညာဗဟုသုတများ ရရှိစေရန် သုတ၊ ရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထူး**



## အီလက်ထရောနစ်စနစ်သုံး အငွေ့ရှူစက်များ ရောင်းချခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**ပန်းတောင်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များအကြား ကျန်းမာရေးထိခိုက်စေနိုင်သည့် အီလက်ထရောနစ်စနစ်သုံး ဆေးလိပ်အစားထိုး အငွေ့ရှူစက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိကို ယနေ့နံနက်ပိုင်းက စားသုံးသူရေးရာဦးစီးဌာနတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က မြို့ပေါ်ကုန်စုံဆိုင်များသို့ ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ လူငယ်အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များတွင် တရားမဝင်တင်သွင်းလာသော အငွေ့ရှူစက်များ၊ ဆက်စပ်ပစ္စည်းများနှင့် ဆေးရည်များ ရောင်းချခြင်း ရှိ မရှိကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်ဆေးစဉ်အတွင်း ဆိုင်ပိုင်ရှင်များအား အဆိုပါ အီလက်ထရောနစ် အငွေ့ရှူစက်များသည် လူငယ်များ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့်အပြင် ဥပဒေနှင့်မကင်းသော ပစ္စည်းများဖြစ်သဖြင့် တင်သွင်းရောင်းချခြင်းမပြုရန်၊ အကယ်၍ ရောင်းချနေမှုကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးပြောကြားခဲ့သည်။ **လပြည့်လင်း(ပြန်/ဆက်)**

# မြင်းခြံမြို့၌ နွေရာသီအခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်

**မြင်းခြံ မတ် ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသားလူငယ်များ နွေရာသီအားလပ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အခြေခံ အင်္ဂလိပ်စာသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားခဲ့သည်။

**စိတ်ပါဝင်စားစွာ လေ့လာ**

သင်တန်းတွင် မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာမ ဒေါ်ဆွေဇင်ဦးက ယခုသင်တန်းမှာ လာရောက် သင်ကြားကြသည့် ကျောင်းသား လူငယ်များအနေဖြင့် အခြေခံအင်္ဂလိပ်စာကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန်၊ အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်ပိုင်နိုင်ပါက ကျောင်းစာတွင်သာမက အင်္ဂလိပ်စကားပြောနိုင်သည်အထိ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းတွင် အခြေခံ အင်္ဂလိပ်သဒ္ဒါ ရေးသားနည်းနှင့် ဝေါဟာရ၊ စကားစုများ စသည်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၃၃ ဦး တက်ရောက် သင်ကြားကာ သင်တန်းကို ငါးရက်ကြာ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ချစ်ဦးနွေ(မြင်းခြံ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန်ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက် ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# လက်နက်တင်သွင်းမှု အများဆုံးဒေသ ဥရောပဖြစ်လာဟုဆို



**ဟယ်ဆင်ကီ မတ် ၉**

ကမ္ဘာတစ်ဝန်းမြင့်တက်လာသော ပဋိပက္ခဖြစ်ပွားမှုများကြောင့် လက်နက်ဝယ်ယူမှု မြင့်တက်လာမှု၊ အမေရိကန်နိုင်ငံအနေဖြင့် ဥရောပမဟာမိတ်များအပေါ် ပေးထားသည့်ကတိအတိုင်း ဆက်လက်တည်တံ့နိုင်မည်လား ဆိုသည့်အပေါ် မသေချာမရေရာမှုများကြောင့် ပြီးခဲ့သည့် ငါးနှစ်အတွင်း ဥရောပဒေသသည် လက်နက်တင်သွင်းမှု အများဆုံး ဒေသဖြစ်လာကြောင်း စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအင်စတီကျူ (SIPR) ၏ မတ် ၉ ရက် ထုတ်ပြန်ချက်အရ သိရသည်။

SIPR က ဖော်ပြသော အချက်အလက်များအရ ဥရောပဒေသ၏ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြား လက်နက်တင်သွင်းမှုပမာဏမှာ ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်က စံချိန်တင်တင်သွင်းခဲ့သော ပမာဏထက် သုံးဆကျော်မြင့်တက်လာကြောင်း သိရသည်။ ဥရောပဒေသ၏ လက်နက်တင်သွင်းမှုမှာ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြား ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်သွင်းမှု၏ ၃၃ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြားတွင် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်သွင်းမှု၏ ၁၂ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

ဥရောပနိုင်ငံများသည် ပြည်တွင်းလက်နက်ထုတ်လုပ်မှုများကို တိုးချဲ့ထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသော်လည်း အထူးသဖြင့် တိုက်ခိုက်ရေးလေယာဉ်များနှင့် တာဝေးပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်များတွင် အမေရိကန်ပြည်ထောင်စုမှ တင်သွင်းမှုများကို အလွန်မှီခိုအားထားနေရဆဲဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သော ငါးနှစ်အတွင်း အမေရိကန်ပြည်ထောင်စုမှ ထောက်ပံ့ပေးထားသော လက်နက်များသည် ဥရောပဒေသ လက်နက်တင်သွင်းမှုအားလုံး၏ ၄၈ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

ဆင်ဟွာ




# အရန်သိုလှောင်ထားသော ရေနံများ ဈေးကွက်ထဲ ရောင်းချပေးနိုင်ရေး ဂျီ - ၇ နိုင်ငံများ ဆွေးနွေးမည်

**နယူးယောက် မတ် ၉**

ဂျီ - ၇ နိုင်ငံများသည် အရှေ့အလယ်ပိုင်းတွင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် မြင့်တက်လာသော ရေနံဈေးနှုန်းများကို တုံ့ပြန်သည့်အနေဖြင့် အရန်သိုလှောင်ထားသော ရေနံများကို ဈေးကွက်ထဲတစ်ပြိုင်နက်ရောင်းချပေးနိုင်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးရန် အရေးပေါ်အစည်းအဝေးတစ်ရပ်ပြုလုပ်သွားဖွယ်ရှိကြောင်း The Financial Times သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

ဂျီ - ၇ ဘဏ္ဍာရေးဝန်ကြီးများနှင့် နိုင်ငံတကာစွမ်းအင်အေဂျင်စီ အမှုဆောင်ဒါရိုက်တာ ဖာတီဘီရိုလ်တို့သည် ရေနံဈေးနှုန်းများ အဆမတန်မြင့်တက်လာမှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် ရည်ရွယ်၍ အစည်းအဝေးတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါဗြိတိန်အခြေစိုက်သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ အရန်စက်သုံးဆီ သိုလှောင်လာသော ရေနံများကို နိုင်ငံတကာစွမ်းအင်အေဂျင်စီက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်းနှင့် နိုင်ငံတကာစွမ်းအင်အေဂျင်စီအဖွဲ့ဝင်နိုင်ငံများသည် သိုလှောင်ထားသော အရန်ရေနံများကို ဈေးကွက်ထဲထုတ်ရောင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင်ဖြစ်ပွားသော ပဋိပက္ခများကြောင့် အဆမတန်မြင့်တက်လာသည့် ရေနံဈေးနှုန်းများကို ပြန်လည်တည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။

အင်န်အိတ်ချ်ကေ




# စက်သုံးဆီဈေးကွက် မတည်မငြိမ်ဖြစ်နေချိန်တွင် ဗီယက်နမ်ရထားကုမ္ပဏီက ဝန်ဆောင်ခများ တိုးမြှင့်

**ဟန္နိုင်း မတ် ၉**

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် စက်သုံးဆီဈေးကွက် မတည်မငြိမ်ဖြစ်နေသည့်အခြေအနေတွင် လုပ်ငန်းဝန်ဆောင်မှုများ တည်ငြိမ်အောင်ဆက်လက် ထိန်းထားနိုင်စေရန် လိုအပ်သည်ဟုဆိုကာ ဗီယက်နမ်နိုင်ငံ ရထားပို့ဆောင်ရေး အစုရှယ်ယာ ကုမ္ပဏီက မတ် ၉ ရက်တွင် ခရီးသည်တင်ဆောင်ခကို ၁၀ ရာခိုင်နှုန်းနှင့် ကုန်စည်တင်ဆောင်ခကို ၁၅ ရာခိုင်နှုန်း အသီးသီး တိုးမြှင့်လိုက်ကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြထားသည်။

ထိုသို့ ဈေးနှုန်းထိန်းညှိသတ်မှတ်ခြင်းသည် မြင့်တက်လာသော စက်သုံးဆီဈေးနှုန်းများကြောင့် ဖြစ်ပေါ်လာသည့် ဖိအားများကိုလျှော့ပါးစေရန်၊ ဝန်ဆောင်မှုအရည်အသွေးအပြင် ဘေးကင်းလုံခြုံပြီး တည်ငြိမ်သောလုပ်ငန်းလည်ပတ်မှုများ ဖြစ်စေရန် လေးလေးနက်နက် စဉ်းစားတွက်ချက်ထားခြင်းဖြစ်ကြောင်း ကုမ္ပဏီ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ဒီဇယ် လက်လီဈေးနှုန်းမှာ မတ် ၈ ရက် မွန်းလွဲ ၃ နာရီအထိ တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၃၀၂၃၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ ဒေါ်လာခန့်) အထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ရက်က ထုတ်ပြန်ကြေညာထားသော ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၃၁ ဒသမ ၂၆ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုးမြင့်တက်လာကြောင်း ဗီယက်နမ် အမျိုးသားအဖွဲ့၏ ပြောကြားချက်ကို ဗီယက်နမ်သတင်းဌာနက ကိုးကားဖော်ပြထားသည်။

ဆင်ဟွာ

# အာဖဂန်၌ သက်တမ်းလွန်ဆေးနှင့် စားသောက်ကုန်ပစ္စည်း တန်ချိန် ၁၂၉၀ ဖျက်ဆီး

**ကဘူးလ် မတ် ၉**



အာဖဂန်နစ္စတန် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် သက်တမ်းကုန်ပြီး အရည်အသွေးမပြည့်မီသည့် တရားမဝင်ဆေးဝါးများ၊ စားသောက်ကုန် ပစ္စည်းများနှင့် ကျန်းမာရေးထုတ်ကုန်များ တန်ချိန် ၁၂၉၀ ခန့်ကို ဖျက်ဆီးခဲ့ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက မတ် ၉ ရက်တွင် ပြောကြားသည်။

အဆိုပါ ပစ္စည်းများကို အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့နှင့် အခြားပြည်နယ် အများအပြားရှိ ဆေးဆိုင်များ၊ ကုန်တိုက်များနှင့် ဈေးဆိုင်များမှ ရှာဖွေရရှိခဲ့ကြောင်း ဝန်ကြီးဌာန၏ပြောရေးဆိုခွင့်ရှိသူ ရှာရာဖက် ဇာမန်အမ်မာခီက လူမှုကွန်ရက်မီဒီယာ X ၌ ဖော်ပြထားသည်။

ယင်းသို့ ဆောင်ရွက်ခြင်းမှာ အာဖဂန်နစ္စတန်နိုင်ငံ၌ ကျန်းမာရေးနှင့် အစားအသောက်ကဏ္ဍတွင် ကြီးကြပ်ကွပ်ကဲမှုများ အားကောင်းလာစေရန် အာဖဂန်အစိုးရ၏ မဟာဗျူဟာတစ်စိတ်တစ်ပိုင်းဖြစ်ပြီး မှောင်ခိုကူးမှုနှင့် တရားမဝင်ကုန်သွယ်မှုကဲ့သို့သော မကြာခဏဖြစ်ပေါ်လျက်ရှိသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ၊ ဓာတ်ပုံ-
AtlasPress News Agency

# အင်ဒိုနီးရှားနိုင်ငံ၌ အသက် ၁၆ နှစ်အောက်ကလေးများအား လူမှုကွန်ရက်မီဒီယာ အသုံးပြုခွင့်တားမြစ်မည်

**ဂျကာတာ မတ် ၉**

အင်ဒိုနီးရှားအစိုးရသည် အသက် ၁၆ နှစ်အောက် ကလေးများအား လူမှုကွန်ရက်မီဒီယာ အသုံးပြုခွင့်ကို တားမြစ်မည်သွားဖြစ်ကြောင်း ကြေညာသည်။

အင်ဒိုနီးရှား နိုင်ငံသည် ကလေးများ၏ လူမှုကွန်ရက်မီဒီယာ အသုံးပြုခွင့် ကန့်သတ်ရန် လှုပ်ရှားမှုကို ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနှင့်အတူ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ရေးရာဝန်ကြီးမှုယာ ဟာဖစ်ဒ်က မတ် ၆ ရက်တွင် အဆိုပါစည်းမျဉ်းကို ဖော်ပြခဲ့ပြီး အဆိုပါစီမံချက်သည် ကလေးများအား အန္တရာယ်ကြီးသော ဒစ်ဂျစ်တယ်ပလက်ဖောင်းဟုခေါ်သည့် အကောင့်များ ထားရှိခြင်းမှ ကြိုတင် ကာကွယ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကလေးများသည် ညစ်ညမ်းသည့် စာပေများနှင့် ထိတွေ့မှု၊ အွန်လိုင်းလိမ်လည်မှု၊ ဆိုက်ဘာအနိုင်ကျင့်မှုနှင့် စွဲလမ်းမှုကဲ့သို့သော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ဆိုသည်။

အဆိုပါ တားမြစ်မှုသည် တစ်တော့ခ်၊ ဖေ့စ်ဘုတ်၊ အင်စတာဂရမ်နှင့် X ကဲ့သို့သော ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါမူဝါဒကို မတ် ၂၈ ရက်မှစတင်ကာ အဆင့်ဆင့်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှား အစိုးရသည် ကလေးများ၏ လူမှုကွန်ရက်မီဒီယာ အသုံးပြုမှုအပေါ် ကန့်သတ်ချက်များကို ပိုမိုတင်းကျပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ၂၀၂၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**အိမ်မဲ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ရွာသစ်ကျေးရွာမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူယာစိုးက ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မူကြိုကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ အကြီးအဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ကြယ်သီးတပ်အပြေးပြိုင်ပွဲ၊ အငယ်အဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဘောလုံးအရောင်ရွေးပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ချစ်သက်လယ် (အိမ်မဲ)**

## လပွတ္တာမြို့၌ ကဏန်းလုပ်ငန်းရှင်များအသင်းဖွဲ့စည်း

**လပွတ္တာ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကဏန်းလုပ်ငန်းရှင်များအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို မတ် ၇ ရက်က လပွတ္တာမြို့ ရွေးနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထင်အောင်ကျော်၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်နိုင်၊ တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကဏန်းလုပ်ငန်းရှင်များ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ခဲ့ကြပြီး မြို့နယ်ကဏန်းလုပ်ငန်းရှင်များ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုင်းစံမြို့၌ စက်သုံးဆီဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှုရှိရေး ကွင်းဆင်းစစ်ဆေး

**မိုင်းစံ မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းစံမြို့အတွင်း ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင်များ စက်သုံးဆီပြတ်လပ်မှုမဖြစ်စေရေး၊ ပုံမှန်ဖွင့်လှစ်ရောင်းချနိုင်ရေးနှင့် စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲနိုင်ရေးအတွက် မတ် ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ မြို့စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆန်းဦး၊ နယ်မြေခံရဲစခန်းမှ စခန်းမှူး၊ နယ်မြေမီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး၊ စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ပြီး ဒေသခံပြည်သူများ စက်သုံးဆီအဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် ပုံမှန်ဖွင့်လှစ်ရောင်းချနိုင်ရေး စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းထက် မြှင့်တင်ရောင်းချခြင်းမပြုဘဲ အခြင်အတွယ် မှန်ကန်စွာရောင်းချနိုင်ရေးနှင့် နေ့ရက်အလိုက် သတ်မှတ်ထားသော (စုံ၊ မ) အက္ခရာယာဉ်အမှတ်များကို သတ်မှတ်ရက်အလိုက် စနစ်တကျရောင်းချသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**အိဇာချို(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မိုဘိုင်းဖုန်းတစ်လုံးတွင် ပါဝင်သည့် IMEI ၏ အရေးပါမှုများ

အင်ကြင်းစံ

မိုဘိုင်းစက်ပစ္စည်းတစ်ခုချင်းစီအတွက် သီးသန့်သတ်မှတ်ထားသည့် နံပါတ်စဉ်ဖြစ်သော IMEI သည် ယနေ့ခေတ် ဒစ်ဂျစ်တယ်ကမ္ဘာတွင် အလွန်အရေးပါလှပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်းလုံခြုံရေးနှင့် တရားဝင်ဖြစ်မှုမှစ၍ အခြားနိုင်ငံ၏ မိုဘိုင်းကွန်ရက်ကို ချိတ်ဆက်အသုံးပြုနိုင်သည့်နည်းပညာ (နိုင်ငံတကာ Roaming) ကို အသုံးပြုနိုင်ရန်အထိ IMEI သည် မိုဘိုင်းနည်းပညာတွင် အရေးကြီးသောအခန်းကဏ္ဍတစ်ခုတွင် ပါဝင်နေပါသည်။

IMEI ၏အရေးပါမှုကို သိရှိနားလည်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ မိုဘိုင်းစက်ပစ္စည်းများကို ကာကွယ်နိုင်သကဲ့သို့ မိုဘိုင်းအသုံးပြုမှု အတွေ့အကြုံကောင်းများကိုလည်း ရရှိနိုင်စေမည်ဖြစ်ရာ IMEI အကြောင်းကို တတ်စွမ်းသမျှ လေ့လာတင်ပြလိုပါသည်။

## IMEI ဆိုတာဘာလဲ

အပြည်ပြည်ဆိုင်ရာ မိုဘိုင်းလက်ကိုင်ဖုန်း၏ သက်သေခံအမှတ်အသား (International Mobile Equipment Identity – IMEI) ဆိုသည်မှာ တရားဝင် အသုံးပြုခွင့်ရှိပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသော မိုဘိုင်းဖုန်းတစ်လုံးချင်းစီအတွက် သီးသန့်သတ်မှတ်ထားသော ထူးခြားသည့် ဂဏန်း ၁၅ လုံး သို့မဟုတ် ၁၆ လုံးပါ နံပါတ်တစ်ခုဖြစ်သည်။ ယင်းနံပါတ်ကို ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းဆက်သွယ်ရေးအဖွဲ့အစည်း (GSMA) က သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ IMEI နံပါတ်အား ကမ္ဘာတစ်ဝန်းရှိ တရားဝင်ထုတ်လုပ်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်း တစ်လုံးစီတွင် ကိုယ်ပိုင် IMEI အဖြစ်ပါဝင်ပြီး မိုဘိုင်းဆက်သွယ်ရေးကွန်ရက်အတွင်း သုံးစွဲသူတစ်ဦးချင်းစီနှင့် ဆက်သွယ်နိုင်ရေး ခွဲခြားသတ်မှတ်ရာ၌ အသုံးပြုပါသည်။

မိုဘိုင်းဟန်းဆက် သက်သေခံမှတ်ပုံတင်စနစ် (Equipment Identity Register– EIR) ဆိုသည်မှာ တရားဝင်အသုံးပြုခွင့်ရှိသော မိုဘိုင်းဟန်းဆက်များ၏ IMEI နံပါတ်များ ထည့်သွင်းထားသော ဒေတာဘေ့စ် (Database) ပါဝင်သည့် မှတ်တမ်းကို ဆိုလိုပါသည်။ ထို့ကြောင့် EIR စနစ်သည် ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် စာတို (SMS) ပေးပို့ခြင်းတို့ကို တရားဝင်အသုံးပြုခွင့်ရရှိထားသည့် မိုဘိုင်းဟန်းဆက်မှ ဖုန်းခေါ်ဆိုခြင်း/ စာတိုပေးပို့ခြင်း ဟုတ်–မဟုတ်တို့အား IMEI နံပါတ်ကိုအသုံးပြု၍ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်မှ စစ်ဆေးပေးနိုင်ခြင်း ဖြစ်ပါသည်။

## IMEI ကနေ မိုဘိုင်းဖုန်းအသုံးပြုသူရဲ့ ကိုယ်ရေးအချက်အလက်များကို သိနိုင်ပါသလား?

IMEI နံပါတ်များသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မိုဘိုင်းဟန်းဆက်များနှင့် သက်ဆိုင်သည့် အချက်အလက်များကို မိုဘိုင်းဟန်းဆက်ကုမ္ပဏီ/ ထုတ်လုပ်သူ (Maker)၊ အမှတ်တံဆိပ်(Brand)၊ မော်ဒယ် (Model)၊ ထုတ်လုပ်သည့်နိုင်ငံ စသည့် အချက်များကို သိရှိနိုင်ရန် ခွဲခြားသတ်မှတ်ထားခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် IMEI တွင် ပါဝင်သည့် အချက်အလက်များသည် ဖုန်းထုတ်လုပ်သည့် အချိန်ကတည်းက ထည့်သွင်းထားသော အချက်အလက်များဖြစ်ပြီး ဖုန်းပိုင်ရှင်၏ အမည်၊ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် SIM ကတ်ပေါ်ရှိ ဖုန်းနံပါတ်အစရှိသော အသုံးပြုသူနှင့် သက်ဆိုင်သည့် အချက်အလက်များ ပါဝင်ခြင်းမရှိပါ။

> **မိုဘိုင်းဟန်းဆက်တစ်လုံး ဝယ်ယူမည်ဆိုပါက IMEI နံပါတ်ကို စစ်ဆေးရန် အလွန်အရေးကြီးပါသည်။ IMEI နံပါတ်ကို မစစ်ဆေးဘဲ ဝယ်ယူမိပါက မိမိဝယ်ယူသည့် မိုဘိုင်းဟန်းဆက်သည် ခိုးယူထားခံရခြင်း၊ ကျသင့်အခွန်မပေးဆောင်ရသေးသဖြင့် ကာလတိုသာ အသုံးပြုနိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့် မကိုက်ညီသော အတုထုတ်လုပ်ထားသည့်ဖုန်း (Clone Phone) ဖြစ်၍ အချိန်ကာလတစ်ခုထိသာ တရားဝင်အသုံးပြုခွင့်ရှိနေခြင်းတို့ကို ကြုံတွေ့နိုင်ပါသည်။ ထို့ပြင် IMEI နံပါတ်သည် ဟန်းဆက်ပျောက်ဆုံးလျှင် CEIR စနစ်မှတစ်ဆင့် ပိတ်သိမ်းနိုင်ရန် အသုံးပြုနိုင်သည့် အရေးကြီးဆုံးလုံခြုံရေးနံပါတ်တစ်ခုလည်း ဖြစ်ခြင်းတို့ကြောင့် မိုဘိုင်းဖုန်းဝယ်ယူလျှင် IMEI နံပါတ်ကို အလေးထားစစ်ဆေးသင့်ပါသည်”**

## IMEI နံပါတ်ကို ဘယ်လိုသိနိုင်မလဲ

မိုဘိုင်းဟန်းဆက်မှတစ်ဆင့် IMEI နံပါတ်ကို စစ်ဆေးကြည့်ရှုရန်အလွယ်ကူဆုံးနည်းမှာ ဖုန်းထဲတွင် *#06# ဟု ရိုက်ထည့်၍ ဖုန်းခေါ်ဆိုခြင်းဖြစ်ပြီး မိုဘိုင်းဖုန်း၏ Settings သို့ ဝင်ရောက်၍ About Phone ခေါင်းစဉ်အောက်တွင်လည်း စစ်ဆေးကြည့်ရှုနိုင်ပါသည်။ ထို့ပြင် မိုဘိုင်းဖုန်း (ဟန်းဆက်) အသစ်ဖြစ်ပါက မိုဘိုင်းဖုန်းဘူးခွံပေါ်တွင်လည်း IMEI နံပါတ်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ SIM Card နှစ်ခုထည့်သုံးနိုင်သည့် (Dual–SIM) ဖုန်းများတွင် SIM Slot တစ်ခုချင်းစီအတွက် သီးခြားနံပါတ်တစ်ခုစီဖြင့် IMEI နံပါတ်နှစ်ခု ဖော်ပြပါသည်။

## IMEI က ဘာကြောင့် အရေးကြီးတာလဲ

IMEI နံပါတ်များသည် မိုဘိုင်းဟန်းဆက် ပျောက်ဆုံးသွားလျှင်ဖြစ်စေ၊ ခိုးယူခံရလျှင်ဖြစ်စေ မသမာသူတစ်ဦးမှ အသုံးပြုနိုင်ခြင်းမရှိစေခြင်းဖြင့် ပြန်လည်ရရှိစေရေး အထောက်အကူပြုနိုင်စွမ်းရှိပါသည်။ ဆိုလိုသည်မှာ မိုဘိုင်းဟန်းဆက်ခိုးယူခံရသူသည် IMEI နံပါတ် အထောက်အထားများဖြင့် ခိုးယူခံရမှုအား မိုဘိုင်းအော်ပရေတာများရှိ EIR အားလုံးကို စုစည်းထားသည့် ဗဟိုမှတ်တမ်း (Central Equipment Identity Register– CEIR) စနစ်တွင် စစ်ဆေးနိုင်ရန် ပေးပို့တိုင်ကြားနိုင်ပါသည်။ ထိုသို့တိုင်ကြားသည့်အခါ CEIR စနစ်ဖြင့် ခိုးယူခံရသည့်ဟန်းဆက်အား ခိုးယူသူက ဆက်လက်အသုံးပြု၍မရစေရန် ယာယီဖြစ်စေ အမြဲဖြစ်စေ ပိတ်သိမ်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အခြားနိုင်ငံများနှင့် ချိတ်ဆက်၍ မိုဘိုင်းအော်ပရေတာများရှိ EIR များတွင်လည်း အသုံးပြုနိုင်ခြင်းမရှိစေရန် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

## မိုဘိုင်းဖုန်းဝယ်ရင် IMEI ကို ဘာကြောင့် စစ်သင့်တာလဲ

နောင်တွင် မိုဘိုင်းဟန်းဆက်တစ်လုံး ဝယ်ယူမည်ဆိုပါက IMEI နံပါတ်ကို စစ်ဆေးရန် အလွန်အရေးကြီးပါသည်။ IMEI နံပါတ်ကို မစစ်ဆေးဘဲ ဝယ်ယူမိပါက မိမိဝယ်ယူသည့် မိုဘိုင်းဟန်းဆက်သည် ခိုးယူထားခံရခြင်း၊ ကျသင့်အခွန်မပေးဆောင်ရသေးသဖြင့် ကာလတိုသာ အသုံးပြုနိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်မကိုက်ညီသော အတုထုတ်လုပ်ထားသည့်ဖုန်း (Clone Phone) ဖြစ်၍ အချိန်ကာလတစ်ခုထိသာ တရားဝင်အသုံးပြုခွင့်ရှိနေခြင်းတို့ကို ကြုံတွေ့နိုင်ပါသည်။ ထို့ပြင် IMEI နံပါတ်သည် ဟန်းဆက်ပျောက်ဆုံးလျှင် CEIR စနစ်မှတစ်ဆင့်ပိတ်သိမ်းနိုင်ရန် အသုံးပြုနိုင်သည့် အရေးကြီးဆုံးလုံခြုံရေးနံပါတ်တစ်ခုလည်း ဖြစ်ခြင်းတို့ကြောင့် မိုဘိုင်းဖုန်းဝယ်ယူလျှင် IMEI နံပါတ်ကို အလေးထားစစ်ဆေးသင့်ပါသည်။

## IMEI နံပါတ်ကို ဘယ်လို စစ်ဆေးရမှာလဲ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံအလိုက် အသုံးပြုနေသည့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာစနစ်များမှတစ်ဆင့် ဝင်ရောက်၍ IMEI နံပါတ် မှန်ကန်မှု ရှိ/မရှိကို စစ်ဆေးကြပါသည်။ (ဥပမာ–ထိုင်းနိုင်ငံတွင် NBTC စနစ်၌ စစ်ဆေးနိုင်ပါသည်။) မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ IMEI နံပါတ်အား စစ်ဆေးနိုင်မည့် CEIR စနစ်အား စတင်ချိန်တွင် IMEI နံပါတ် မှန်ကန်မှု ရှိ/မရှိကို စစ်ဆေးနိုင်မည် ဖြစ်ပါသည်။

အချုပ်ဆိုရပါက မိုဘိုင်းဟန်းဆက်ကိုဖြစ်စေ၊ မိုဘိုင်းဆက်သွယ်ရေးပစ္စည်းကိုဖြစ်စေ သုံးစွဲကြသူများအနေဖြင့် မိမိဝယ်ယူအသုံးပြုသည့် မိုဘိုင်းပစ္စည်း၏ IMEI နံပါတ်ကို မှတ်သားထားရန်၊ အသစ်ဝယ်သည့်ဖုန်း၏ IMEI နံပါတ်ကို တရားဝင်ဖြစ်/မဖြစ် စစ်ဆေးရန်ဟူသည့်အချက်များမှာ အလွန်အရေးကြီးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခက်အခဲများကြားမှ အများပြည်သူတို့၏ အကျိုးစီးပွားကို စောင့်ရှောက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ နည်းပညာပိုင်းဆိုင်ရာ ပြောင်းလဲမှုအသစ်များဖြင့် အခြားနိုင်ငံများနည်းတူ မိုဘိုင်းဟန်းဆက်မှတ်ပုံတင်ခြင်းစတင်ချိန်တွင် အတူလိုက်ပါဆောင်ရွက်ရမည့် ပြည်သူများ ကြိုတင်သတိပြုနိုင်ရန်နှင့် နေ့စဉ်အသုံးပြုသော မိုဘိုင်းဟန်းဆက်များနှင့် စပ်လျဉ်းသည့် ဗဟုသုတပိုမိုရရှိစေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ယနေ့ခေတ်ဒစ်ဂျစ်တယ်ကမ္ဘာတွင် အလွန်အရေးပါလှသည့် IMEI ၏ အကြောင်းကို လေ့လာမိသမျှ ပြန်လည်မျှဝေဖော်ပြအပ်ပါသည်။ ။

---

## ငွေဆောင်မြို့၌ စုံရက်/ မရက် ခွဲခြား၍ ယာဉ်မောင်းနှင်သည့်စနစ်အား အသိပညာပေး

ငွေဆောင် မတ် ၉

ရောဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့(နေပြည်တော်)မှ ထုတ်ပြန်ကြေညာသည့် စက်သုံးဆီ ဓြိုးခြံချွေတာသုံးစွဲရေး ပြည်သူသို့ အသိပေးကြေညာချက်အား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် အသိပညာပေးခြင်းကို ယမန်နေ့က အမှတ်(၃)ရပ်ကွက် မြို့ပတ်လမ်းဆုံတွင် ဆောင်ရွက်သည်။



အဆိုပါ စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် စုံရက်/ မရက် ခွဲခြား၍ မော်တော်ယာဉ်မောင်းနှင်သည့်စနစ် အသိပညာပေးခြင်းကို မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကိုနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ အသိပညာပေးခဲ့ကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

---

## မိုးနဲမြို့နယ်၌ တက္ကသိုလ်ဝင်ဖြေဆိုမည့်စာစစ်ဌာန မီးဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေး

မိုးနဲ မတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မိုးနဲမြို့နယ် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တိုးဝင်းဖေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စာမေးပွဲခန်းများ ပြင်ဆင်ထားရှိမှု၊ လျှပ်စစ်မီးရရှိမှုနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပြင်ဆင်ထားရှိမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်နီလာနှင့် သက်ဆိုင်ရာဌာနတာဝန်ခံများက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်ပြင်ဆင်ထားရှိမှု စစ်ဆေး



**နေပြည်တော် မတ် ၉**

၂၀၂၅-၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာပေးပွဲကို မတ် ၁၁ ရက်တွင် စတင်ဖြေဆိုမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းမှစ၍ လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသည့် ကျောင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ၊ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် လုံခြုံရေးအဖွဲ့များအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့ အထက(၂)၊ အထက (သပြေပင်)၊ အထက(သဲကောကြီး) စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ စိတ်ချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လုံလောက်သောအလင်းရောင်ရရှိရေး၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ စာဖြေခန်းများအတွင်း စာရေးခုံ၊ ထိုင်ခုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုအား လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လယ်ဝေးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအား စာစစ်ဌာန ၁၁ ခုတွင် ကျင်းပမည်ဖြစ်ပြီး ဘာသာတွဲအလိုက်ဖြေဆိုရန် ကျောင်းသား ၁၃၇၀၊ ကျောင်းသူ ၁၈၂၇ ဦး စုစုပေါင်း ၃၁၉၇ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ် ရွာတန်းရှည်-(ဖျာပုံ-ဘိုကလေး) ကားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ဘိုကလေး မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဘိုကလေးမြို့နယ် ဟိုင်းစီကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာနှင့် ဖျာပုံ-ဘိုကလေး ကားလမ်းသို့ ဆက်သွယ်ခင်းကျင်းခဲ့သည့် ရွာတန်းရှည်-(ဖျာပုံ-ဘိုကလေး) ကားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအား (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမင်းသိန်း၊ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယု၊ ဖျာပုံခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ယခုဖွင့်လှစ်သည့် ရွာတန်းရှည်- (ဖျာပုံ-ဘိုကလေး) ကားလမ်း ကွန်ကရစ်လမ်းသစ်သည် လမ်းမိုင်အရှည် တစ်မိုင် ဝ ဒသမ ၂ဖာလုံ၊ လမ်းနယ်နိမိတ်အကျယ်ပေ ၃၀ ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြီးဆုံးခဲ့ကြောင်း၊ စီမံကိန်းတန်ဖိုးငွေ ၁၂၉ ဒသမ ၁၈၈ သန်းရှိကြောင်း၊ အဆိုပါ လမ်းခင်းခြင်းဖြင့် အကျိုးပြုရွာ သုံးရွာ၊ အကျိုးပြု အိမ်ခြေ ၈၀၂ လုံး၊ အကျိုးပြုလူဦးရေ ၃၁၈၇ ဦးရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ကျွန်းစုမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျွန်းစု မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မြို့နယ်ကြီးကြပ်ရေးအဖွဲ့က ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မတ် ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မြို့နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် အထက (ကျွန်းစု) စာစစ်ဌာန၌ ကျန်းမာရေးဆေးပေးခန်း၊ စာစစ်ရုံးခန်း၊ သီးသန့်စာဖြေခန်းနှင့် စာဖြေခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများ စသည်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



## ကျေးသီးမြို့နယ်၌ နွေရာသီ ဆို၊ က၊ ရေး၊ တီး သင်တန်းဆင်းပွဲကျင်းပ



**ကျေးသီး မတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်၌ နွေရာသီသင်တန်းဖြစ်သည့် ဆို၊ က၊ ရေး၊ တီး သင်တန်းဆင်းပွဲကို မတ် ၉ ရက် နံနက်ပိုင်းက အထက ကျောင်း၌ ကျင်းပသည်။

အဆိုပါ နွေရာသီသင်တန်းဆင်းပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝေနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်စန်းစန်းယဉ်တို့ တက်ရောက်ခဲ့ပြီး သင်တန်းကို မတ် ၄ ရက်မှ ၉ ရက်အထိ ကျောင်းသား ကျောင်းသူ ၇၅ ဦးအား နေ့စဉ် နည်းပြဆရာ ဆရာမများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထားဝယ်ခရိုင်လူထုအခြေပြုဇဟိုဌာန၌ ပန်းအလှထိုးနည်းသင်တန်းဖွင့်လှစ်

**ထားဝယ် မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိစေရန်ရည်ရွယ်၍ လက်မှုပညာရပ်ဖြစ်သည့် ပန်းအလှထိုးနည်းသင်တန်းကို ထားဝယ်ခရိုင် လူထုအခြေပြုဇဟိုဌာန၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ဒုတိယနည်းပြဒေါ်ကြည်ကြည်ဖြူက မိတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်နန်းမြင့်က မိမိတို့ဝါသနာပါသည့် ပန်းအလှထိုးလုပ်ငန်းများကို လေ့လာနိုင်ပြီး စိတ်ပါဝင်စားစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ မိမိတတ်ကျွမ်းထားသည့်ပညာရပ်များကို ကောင်းကျိုးရှိစွာ ကြံဆအသုံးပြုတတ်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ငွေဇင်ယော်(ထားဝယ်)**




ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲကို အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မတ် ၉ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာမေးပွဲကျင်းပမည့် စာစစ်ဌာနကျောင်းများ ပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေးစဉ်။ ကျိုက်လတ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း မီးလောင်မှုမီးလန့်မှုများမဖြစ်စေရေး၊ မလိုလားအပ်သော လျှပ်စစ်အန္တရာယ် မဖြစ်စေရေးအတွက် မတ် ၉ ရက်က မြို့နယ်လျှပ်စစ်ဦးစီးဌာန ဦးစီးမှူး ဦးတင်မင်းဆွေ၊ မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။ သန်းလူ(ပြန်/ဆက်)



**အိမ်ပြင်ပ၌ထွန်းသော မီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မိုင်းယန်းမြို့၌ နွေရာသီအခြေခံအားကစားနည်းသင်တန်းဖွင့်ပွဲကျင်းပ

**မိုင်းယန်း မတ် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်တွင် ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီအခြေခံအားကစားနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟော်ကန်ရပ်ကွက် အတွင်းရှိ မြို့မအားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောကနှင့် ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ချိုချိုခိုင်တို့က သင်တန်းတက်ရောက်သူများအား အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းသူ၊ သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်သည်။ အဆိုပါ သင်တန်းများကို မတ် ၉ ရက်မှ ၂၁ ရက်အထိ သင်တန်းသားစုစုပေါင်း ၂၁၇ ဦးကို သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထူး**

## မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ နွေရာသီ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက နွေရာသီအခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အတွေးအခေါ်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်ကြီးတံခွန်မြို့နယ် မူလွန်(၂၀)ကျောင်းမှ ဆရာမကြီး ဒေါ်သန်းသန်းနွယ်က ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မူလွန် (၂၀)ကျောင်းမှ အင်္ဂလိပ်စကားပြော သင်တန်းဆရာမ ဒေါ်သွယ်သွယ်နှင်းက ဆက်လက်သင်ကြားခဲ့ရာ သင်တန်းကို မတ် ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကို ကျောင်းသား ကျောင်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ဇင်မင်းမောင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**ပန်းတောင်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ၊ လူငယ်မောင်မယ်များနှင့် ရုံးဝန်ထမ်းများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် အင်္ဂလိပ်စာအရည်အသွေး မြင့်မားလာစေရန်ရည်ရွယ်၍ နွေရာသီအင်္ဂလိပ် စကားပြောသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကား ပြောကြားပြီး သင်တန်းနည်းပြ ဆရာဦးဝဏ္ဏထွန်းနှင့် ဒေါက်တာဦးရဲမင်းဦးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၉ ရက်မှ ၁၃ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ အသိပညာပေး

**မိုင်းယောင်း မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့အသိပညာပေးခြင်းကို မတ် ၈ ရက်တွင် မြို့နယ်ကွင်းဆင်းစိစစ်ရေးအဖွဲ့များက ကွင်းဆင်းဆောင်ရွက်သည်။



ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အဖွဲ့(၂)က ဝမ်တပ်အုပ်စု ဟွေထမ်ကျေးရွာနှင့် ဟွေဖအုပ်စု နမ့်နော်(အပေါ်)ကျေးရွာတို့၌လည်းကောင်း၊ အဖွဲ့(၃)က ဝမ်ဘိုးအုပ်စု၊ ဖကျောက်ကျေးရွာ၌လည်းကောင်း၊ အဖွဲ့(၄)က ဝမ်မန်းအုပ်စု ဝမ်ဒန်ကျေးရွာ၌ လည်းကောင်း၊ အဖွဲ့(၆)က ဟောင်ကြန့်အုပ်စု ဟောင်ကြန့်ကျေးရွာ၌လည်းကောင်း လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပေါက်ခေါင်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၅ ရက်က အဆိုပါဈေး၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးသူအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဌာနဝန်ထမ်းများက မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား လိုက်လံစစ်ဆေးပြီး ဈေးသူဈေးသားများအား မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့်လူမှုကွန်ရက်အကြောင်း ဆွေးနွေးပွဲကျင်းပ

**စစ်ကိုင်း မတ် ၉**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့် လူမှုကွန်ရက်အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေရည်ကိုက အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းက လူငယ်အများစုအသုံးပြုသော လူမှုကွန်ရက်အမျိုးအစားများ၊ လူမှုကွန်ရက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ၊ သတင်းမှန်နှင့် သတင်းမှားကို ခွဲခြားသိမြင်နိုင်မည့်နည်းလမ်းများ၊ လူမှုကွန်ရက်အသုံးပြုခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် မိမိတို့အသုံးပြုသော အက်ပလီကေးရှင်းများတွင် ကာကွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**



## ကျေးသီးမြို့၌ နွေရာသီအခြေခံ အားကစားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကျေးသီး မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ မြို့နယ်ဘောလုံးကွင်း၌ နွေရာသီအခြေခံအားကစား သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်အားကစားနှင့် ကာယဦးစီးဌာန ဦးစီးအရာရှိ ဦးနေနိုင်ထွန်းက အမှာစကားပြောကြားပြီး အသက် ၁၀ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များကို သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသားသင်တန်းသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘောလုံး၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ Fitness Dance အခြေခံအားကစားနည်းများကို မတ် ၈ ရက်မှ ၂၅ ရက်အထိ နေ့စဉ်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၈ ရက်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာတို့ လိုက်လံစစ်ဆေးစဉ်။ လှဝင်း

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

■ *ကျော်ဖုံးမှ*

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် ဘားအံမြို့နယ် မြပြည်ကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၃၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၂ ရက်တွင် ပဲခူးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၆၈၃ တန်၊ သစ်မာ ၁ ဒသမ ၄၁၇ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၂၄၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၂ ရက်တွင် အောင်လံမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၁၇ ဒသမ၂၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၁၇၉၀၈)နှင့် လိုင်စင်ရှိသစ်တင်မော်တော်ယာဉ် Mazada Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၁၇၉၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ပင်းတယမြို့နယ် ဟော်ကုန်းရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၂၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၂၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်နှင့် ၃ ရက်တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ngwe Zin Yaw MPV  Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၆၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်၊ ၂၄ ရက်၊ ၂၆ ရက်၊ ၂၈ ရက်၊ မတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၃၉၁၁၆၄) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၉၃၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် အမှတ်(၁)ရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀,၀၀,၀၀,၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၅၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၄ ရက်တွင် ရွှေဘိုမြို့နယ် ပိတောက်ခေါင်းကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်နှင့် မတ် ၄ ရက်တို့တွင် ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် သကြားစက်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၄၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၉၇၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Atlas Light Truck တစ်စီး၊ Sun Win  Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ပေါင်မြို့နယ် မုတ္တမကျေးရွာ၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၃၈၀၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Probox သုံးစီး၊ Mazda Bongo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၅၁၂၀၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၂ ရက်၊ ၂၅ ရက်နှင့် မတ် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၆၄၂၀၈၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက်ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှုရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကညင်ပင်ကွက်သစ်(တာ၁၀)၊ အမှတ် (၆၆/B)၊ အလျား x အနံ ပေ( ၂၀ x ၆၀ ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ရီရီစံ (၁၂/သလန(နိုင်)၁၂၇၃၃၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးအေးရီ (၁၂/သကတ(နိုင်)၁၇၈၀၉၉) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေး ချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်ကာ အရောင်းအဝယ် ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် ( LL.B, D.I.P.L ) (စဉ် – ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း – ၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ် (၁၇၃၂+၁၇၃၃) ဟုခေါ်တွင်သော မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးအောင် (၁၂/ပဘတ (နိုင်)၀၁၇၅၇၆)နှင့် ဦးမြင့်ဆွေဝင်း (၁၂/ပဘတ(နိုင်)၀၁၈၃၈၈) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လို သူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မြေကွက်အမှတ် (၂၃၈) မြေကွက်တည်နေရာ အမှတ် (၂၃၈)၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဒေါ်ဆွေလှိုင်ဦး (၁၂/တတန (နိုင်) ၁၇၆၃၆၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ပါမစ်ပျောက်ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ လှော်ကားလမ်း၊ မြေကွက်အမှတ် (၃၃၉၉) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းမောင်(CB-၀၂၄၀၅၉) (၁၂/လသန(နိုင်)၀၄၂၁၄၆) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်မျိုးလွင် (၁၂/သလန (နိုင်)၀၀၃၂၀၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာ ခေမာလမ်းသွယ် (၅) လမ်း၊ Building – A ၊ ဒုတိယထပ်(၃)လွှာ (တိုက်ရှေ့မှ မျက်နှာမူလျှင်ညာဘက်ခြမ်း)၊ တိုက်အမှတ်–3Aဟု ခေါ်တွင်သော (၁၉ X၃၉)ပေ၊ (၇၆၀)စတုရန်းပေ အကျယ်အဝန်းရှိ ရေ၊ မီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသိန်းနိုင် (ဘ) ဦးကျော်ခိုင် (၁၂/ဥကတ(နိုင်)၁၂၃၆၂၇)၊ ဒေါ်မိုးမြတ်မြတ်လွင်(ဘ) ဦးစိန်လွင်(၈/မကန(နိုင်)၀၀၃၆၅၉) ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်း အဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက် သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီဖြိုး(၁၂/ရပသ(နိုင်)၀၄၉၃၅၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြင့်မောင် (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၈၅၈)**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ (၁၉)လမ်း (အနောက်) ၊ (၂/မြောက်)ရပ်ကွက် ၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၂၀၃၀၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/1557 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RA-IV, ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၈-ကဆ+၈-ကဇ)၊ ဧရိယာ (၀ ဒသမ ၁၁၀)ဧကရှိမြေကွက်အား ဒေါ်နွေးနန္ဒာလှိုင်မှ ဦးပိုင်ပေါင်း၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၇/ပုဏ္ဏားစုရပ်)၊ ဦးပိုင်အမှတ် (၃၂-ခ)၊ မြေဧရိယာ (၀ ဒသမ ၀၇၉) ဧကရှိ မြေကွက်အား အမည်ပြောင်းမြေငှားဂရန် လျှောက်ထားနိုင်ရေး ဒေါ်ဂျူလီယာ ၉/ပဥလ(နိုင်)၀၀၄၃၀၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ-၁နှင့်၅)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၂

| | | |
|---|---|---|
| ဒေါ်နေရီလင်း | နှင့် | ဦးချစ်ဖေ |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ နေကြာ(၂)လမ်း၊ အမှတ်-၉၂၅ နေ တရားပြိုင် ဦးချစ်ဖေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၁နှင့် ၅)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄

| | | |
|---|---|---|
| ဦးသက်ပိုင်ဒွေး | နှင့် | ဒေါ်လူစီ |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ်(၁၂၈၆)နေ တရားပြိုင် ဒေါ်လူစီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလို သည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၅) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ငမိုးရိပ်(၃)လမ်း၊ အပိုင်း(၅)၊ အမှတ် (၇၁၀)ရှိ အလျား ၁၂ ၁/၂ ပေxအနံ ပေ၅၀ရှိ နှစ်ခန်းတွဲ ၃ထပ်တိုက်ဒါဘာ(၆)ခန်းပါ ဒုတိယထပ် (ခေါင်းရင်းခန်း)၏အကျိုးခံစားခွင့် အရပ်ရပ်အားမူလပိုင်ရှင် ဒေါ်နှင်းနှင်းလွင် ၁၂/သဃက(နိုင်)၀၄၉၀၂၂ မှ မြေရှင်နှင့် ကန်ထရိုက်တာ ကတိစာချုပ်အရ တရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆို၍ ရောင်းချလာသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ် ဒေါ်ကြည်ကြည်အေး ၇/ပခန(နိုင်)၄၀၂၂၆၆ မှ အဆိုပါတိုက်ခန်းကို ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအားစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ကြည်ကြည်အေး**
**၇/ပခန(နိုင်)၄၀၂၂၆၆**
**အမှတ်(၅၁၈)၊ ငမိုးရိပ်(၄)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၇၇၉၃၀၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/34511 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/44070 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြကေခိုင် ၉/အမဇ(နိုင်) ၀၁၀၉၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)**
**(မန္တလေးမြို့)**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ တစ်ထပ် ဈေးဆိုင်ခန်း တိုက်ခန်းအမှတ် A – 5 (ဘုန်းမြတ်) အား လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချိုချိုဦး ၁၄/သပန(နိုင်)၀၀၄၄၇၀ထံမှ ဦးဝေလျှံအောင် ၈/ရစက(နိုင်)၁၇၉၆၆၇သည် ၂၀–၆–၂၀၁၇ရက်တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှု အာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထားတင်ပြလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ စာဖြင့် ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည် –

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| – | ဦးဝေလျှံအောင် ၈/ရစက(နိုင်)၁၇၉၆၆၇ | A – 5 (ဘုန်းမြတ်) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံ တိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှု အာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ ကျောင်းလမ်းဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၁၅)ပေxအနံ (၅၀) ပေရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ် (ရေ၊ မီး၊ မီတာ) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဦးပြည့်ကြည် ၁၂/အစန(နိုင်)၁၈၂၇၁၈၊ ဒေါ်ခင်ငြိမ်းချမ်း ၁၂/အစန(နိုင်) ၁၉၂၁၅၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန်း ၁၄/မအန(နိုင်)၀၄၈၆၁၃ က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းထက်ဦး (LL.B)** — **ဒေါ်ဝေမိုးသူ (LL.B)**

**အထက်တန်းရှေ့နေ (စဉ်–၄၀၈၇၄)** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၅၂)**

**ဖုန်း–၀၉–၇၅၄၆၃၃၃၅၆၊ ၀၉–၄၂၁၁၄၉၇၆၈**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမ ရပ်ကွက်၊ ဗျိုင်းရေအိုးစင် လမ်း၊ အမှတ်(၁၈/၂၀)ဟု ခေါ်တွင်သော (၃)ခန်းတွဲ (၈)ထပ်တိုက်၏ ၆-လွှာ/ ပဥ္စမထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဘယ်ဘက်အစွန်း)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည် ဟု အဆိုပြုကမ်းလှမ်းလာသူ ကျူရှုအက်(ခ)မအေးအေးမြင့် ၁၂/လသန(နိုင်) ၀၀၁၉၀၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉–၅၁၈၃၅၆၉၊ ၀၉–၅၁၁၅၉၉၀၊**

**၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်နေ ဒေါ်မြသဥ္စာဌေးနှင့် မောင်အောင်ဟိန်းဟိန်းဌေးတို့က စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ အကွက်အမှတ် (၁၉)၊ ရွာကြီးတောင်အကွက်၊ ဦးပိုင် အမှတ်(၈၄–စ)၊ ဧရိယာ (၀ ဒသမ ၀၄၆) ဧကရှိ ဘိုးဘပိုင် (B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ဝေဌေးထံမှ ဒေါ်မြသဥ္စာဌေးနှင့် မောင်အောင်ဟိန်းဟိန်းဌေးတို့က စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်–၂၄၃/၂၀၂၂ အရ ဘိုးဘပိုင်အိမ်ရာမြေကွက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းတို့အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့်စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၁၄၆ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၁၅၆၇)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဒေါ်ခင်နှင်းဝင်း အမည်ပေါက် မြေငှားဂရန်စာချုပ်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အားလုံးအားဆက်စပ်စာချုပ်နှင့် အရောင်းအဝယ်စာချုပ်၊ ဂရန်မူရင်းတို့အား ပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူဟုအဆိုပြုလာသူ ဒေါ်ခင်နှင်းဝင်း ၁၂/မဘန (နိုင်) ၀၅၁၄၅၂ ထံမှ ကျွန်တော် ဦးအောင်မြင့်မြတ် ၉/ဝတန(နိုင်)၁၉၅၅၀၂သည် အပြီးပိုင်ဝယ်ယူရန် ကမ်းလှမ်းပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ် နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်တွင်း ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးအောင်မြင့်မြတ်**

**ဖုန်း–၀၉–၇၈၈၀၈၃၆၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊တိုးချဲ့ (၃)ရပ်ကွက်၊ ဗိုလ်တေဇလမ်းသွယ်(၇)လမ်းရှိ ကိုယ်ထူကိုယ်ထ အိမ်ရာချထားရေးကော်မတီ(မှော်ဘီမြို့) မှ ၁၃–၈–၁၉၉၀ရက်စွဲပါ ငွေရပြေစာ အမှတ်စဉ်–3398 ဗိုလ်ကြီး ခင်အောင်မြင့်အမည်ပေါက်ချထားပေးသော အိမ်ရာအဆင့်(WF) အိမ်ရာ ကွက်အမှတ်(6)၊ အကျယ်အဝန်းပေ(၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်းဖြစ်သည့် အကျယ်အဝန်းပေ(၂၀x၆၀)ရှိ စလစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခိုင်မြတ်မွန် ၁၂/မဂတ(နိုင်) ၀၀၉၆၆၁ မှ တရားဝင်ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီပြန်လည် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်မဒေါ်ရွှေရည်ဖြိုး ၁၃/မမတ(နိုင်) ၀၄၅၄၂၆ နှင့် ဒေါ်ထက်ထက်ခိုင် ၉/မကန(နိုင်)၁၃၁၆၂၈ တို့မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကိုပြီးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည်ဖြိုး ၁၃/မမတ(နိုင်) ၀၄၅၄၂၆ နှင့်**

**ဒေါ်ထက်ထက်ခိုင် ၉/မကန(နိုင်) ၁၃၁၆၂၈**

**အထက်လယ်ဦးအရပ်၊ နယ်မြေ(၄)၊ မိုးကုတ်မြို့၊ ဖုန်း–၀၉–၇၈၉၄၇၀၁၃၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ် (ခ/၁၀၆) ၊မြေဧရိယာ (၁၂၅၀–စတုရန်းပေ)၊မြေကွက်တည်နေရာအမှတ်(၁၂၈)၊ သီတာနွယ်လမ်း ၊နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် မြေအားဒေါ်အုန်းခင်(မိခင်) နှင့် ဦးဘချစ်(ဖခင်)တို့ကွယ်လွန်သဖြင့်ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်–၁၂၁၆/၂၀၁၀ (၆–၄–၂၀၁၀)ဖြင့် ပိုင်ဆိုင်သူ ၁။ ဦးထွန်းအောင်၊ ၂။ ဒေါ်မြစိန်၊ ၃။ ဒေါ်ခင်လှိုင်၊ ၄။ ဒေါ်တင်တင်လှ၊ ၅။ ဒေါ်စံရှားတင်တို့အပေါ် တရားပြိုင်ထားကာ ဦးလှမြင့် မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်၊တရားရုံး၌ ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၇ဖြင့်ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေ လိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၄–၁၂–၂၀၂၄ ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်–၂၂/၂၀၂၄၏(၂၇–၁၂–၂၀၂၄) ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၈–၅–၂၀၂၅ ရက်စွဲပါ စာအမှတ်–၂၄၅/က (၁၃–၁–၂၀၂၅) ဖြင့် ဘိလစ်ခန့်စာတို့ အရ တရားရုံးများကိုယ်စား ဘိလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁ မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်–၁၂၁၆/၂၀၁၀ (၆–၄–၂၀၁၀)တို့တင်ပြ၍ အရောင်းအအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာအပေါ် အမှန်တကယ် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ (၀ ဒသမ ၁၁၀)ဧက ၊မြေကွက်အမှတ် (ပ–၂၀၈၉၈)ကို အမည်ပေါက် ဦးစိုးမြင့် (ဘ)ဦးမြအုန်း ၁၂/မရက(နိုင်)၀၅၂၉၇၇ မှ ဦးစိုးထူးငြိမ်း (ဘ) ဦးသန်းစိုး ၆/မမန(နိုင်)၁၄၀၂၅၄ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ အောင်ချမ်းသာလမ်း၊ အမှတ် (၂/၃၀၆)၊ အရှေ့အနောက် (၁၀၃)ပေ၊ အရှေ့ဘက်အရပ်–တောင်မြောက် (၃၄)ပေ၊ အနောက်ဘက် အရပ်–တောင်မြောက် (၃၄) ပေ၊ (၁) ထပ်အဆောက်အအုံ(၁)လုံးနှင့်လျှပ်စစ်မီတာ(၁)လုံး၊ အရှေ့လားသော် ဦးကျော်သူရနိုင်၏နေအိမ်၊ အနောက်လားသော်–ခရေလမ်း၊ တောင်လားသော် ဒေါ်ခင်သန္တာချို၏ နေအိမ်၊ မြောက်လား သော် ဦးလှအောင်၏နေအိမ် စသည့် အလားလေးရပ် အတွင်းရှိ အိမ်ဝိုင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် ဦးစိုးမိုးနိုင် (ဘ) ဦးပြေအေး ၉/နထက (နိုင်) ၁၀၄၇၄၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအောင်လင်းထက် (ဘ) ဦးကျော်လွင် ၉/မထလ(နိုင်) ၃၈၇၃၀၆ သည် ဥပဒေနှင့်အညီ ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ဝိုင်းမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီ မူရင်းများ စသည့် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက် မှစ၍ (၁၀) ရက်အတွင်း လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခိုင်ဖူးဝေ (LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၉၅၈/၂၀၂၅)**

**ဂန္ဓမာလမ်း၊ ပေါင်းလောင်း (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့**

**ဖုန်း– ၀၉–၂၅၀၅၃၃၃၇၆**

## သားအဖြစ်မှ အမွေပြတ်စွန့်ခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

၁၃–၅–၂၀၂၅ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇) ပါ ဒေါ်အုန်းမြတ် ၁၂/ဥကတ(နိုင်)၀၆၉၅၄၁ မှ သားဖြစ်သူ မောင်အောင်ကိုဇင် ၁၂/ဥကတ(နိုင်)၁၆၂၆၈၀အား သားအဖြစ်မှ စွန့်လွှတ်ခြင်း ကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်–ဒေါ်အုန်းမြတ်**

## မူလပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

၁။ ဥ–၅၆၇၂၊ ပန်းရွှေပြည်–၃လမ်း၊ ရတနာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ 1 Sft ၁. ၂၅သိန်း၊ တောင်လှည့်၊ မြေပြုပြင်ရန်/ဖို့ရန်မလို၊ မြေကွက် ပေ (၁၀၀x၁၀၀)၊ Skeleton ပါရှိပြီး၊ လိုသလိုချဲ့/ပြုပြင်သုံးနိုင်၊ ချက်ချင်း အမည်ပေါက်ပြောင်းနိုင်၊ Ocean Center ၊ 1 Stop Mart ၊ KBZ ၊ CB ၊ AYA ၊ အင်းဝဘဏ်၊ ရွှေပုဇွန်၊ လပြည့်ဝန်း(ဆေးဆိုင်)၊ SB Bakery တို့နှင့် အလွန်နီး၍ ရာဇသင်္ဂဟလမ်းနှင့် ဇေယျာဌာနီလမ်းတို့မှဝင် VIP ဧရိယာနှင့် တစ်ဆက် တစ်စပ်တည်း ရောင်းကွက်ရှားပါးသည့် နေရာ။

၂။ ပ–၁၀၅ (ထောင့်ခန်း)၊ ပွဲရုံတန်း(၂–ထပ် လူနေဆိုင်ခန်း)၊ မြို့မဈေး၊ နေပြည်တော်။ (၄၆၀၀သိန်း)၊ ငျေးလွှတ်။ [(အပေါ်ထပ်တွင် MB ခန်း (ရေချိုးခန်း၊ ဗိုလ်ထိုင်ပါ)] Aircon (၃)လုံး၊ ရေပူရေအေးစက်၊ အောက်ထပ် ရေချိုးခန်း (ဗိုလ်ထိုင်ပါ)၊ အော်တိုပန့်၊ ပြူတင်း/ခြေကျော်တံခါးများတွင် သံပန်း၊ ခြင်ဇကာပါ၊ စတိုခန်း–၂ခန်း၊ မီးဖိုခန်း၊ အောက်ထပ်ကြွေပြားခင်း၊ အဆင့်မြင့်ပြင်ဆင်ပြီး။ **ဆက်သွယ်ရန်ဖုန်း–၀၉–၉၅၆၀၆၃၅၁၉၊ ၀၉–၅၀၇၉၉၇၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/3782 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်အနောက်ပိုင်း)**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Max Agro Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanma Taiza Co.,Ltd မှ Pure Crop Chemical Co.,Ltd သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက၊ ယနေ့မှစ၍ ၁၄ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်–

**Pure Crop Chemical Co.,Ltd**

**ဖုန်း–၀၉–၄၀၁၅၇၃၈၁၄**

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | Max Ema 50 | Emamectin Benzoate 5% WG | P2024–6565 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Max Agro Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Max Agro Service Co.,Ltd မှ First Start Company Limited သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါကယနေ့မှစ၍ ၁၄ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက် ကြို့ကုန်းရပ်၊ အင်းစိန်မြို့ နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်–

**First Start Company Limited**

**ဖုန်း–၀၉–၄၀၁၅၇၃၈၁၄**

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | Max Kway Sinn | Emamectin benzoate 10% + Lufenuron 40% WDG | P2025–6776 |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာနေ ဦးအောင်ကျော်လွင်၊ ဦးဇော်လတ်တို့၏ အမည်ဖြင့် ကွင်း/အကွက်အမှတ် (၁၆၆၀/၂၈၇၂/ မကျီးချောင်းကွင်း) ဦးပိုင်အမှတ် (၃၄၊ ၇၃၊ ၂၊ N၁၂၊ ၃၃၊ ၈၅/ခ၊ ၃၃၊ ၂–ခ၊ ၂၃၊ ၈၃၊ ၃၄၂–က၊ ၃၅၊ ၇၅၊ ၆၉၊ N၉၊ N၆၊ ၉၂၊ ၆၃/၄၊ N၁၅၊ ၂၄/ခ၊၉၇၊ ၉၈၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၉/၁)၊ ဧရိယာ၆၄ ဒသမ ၆၉ဧကအား မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စက်မှုစီးပွား မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ဦးအောင်ကျော်လွင်၊ ဦးဇော်လတ် ဖုန်း–၀၉–၄၀၁၆၁၄၈၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်နေ ဒေါ်မြသဥ္စာဌေးနှင့် မောင်အောင်ဟိန်းဟိန်းဌေး တို့က စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်၊ အကွက်အမှတ် (၂၈)၊ ရွာကြီးအရှေ့အကွက်၊ ဦးပိုင် အမှတ်(၅–ဋ)၊ ဧရိယာ၀ ဒသမ ၀၂၇ဧကအနက်မှ ဧရိယာ၀ ဒသမ ၀၁၉ဧကရှိ ဘိုးဘပိုင် (B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူဦးခင်မောင်ထံမှ ဒေါ်မြသဥ္စာဌေးနှင့် မောင်အောင်ဟိန်းဟိန်းဌေး တို့က စစ်တွေမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် –၂၄၅/၂၀၂၂အရ ဘိုးဘပိုင် အိမ်ရာမြေကွက် အပြီးအပိုင် အရောင်းအဝယ် စာချုပ်ဖြင့်ဝယ်ယူထားရှိပြီး ၎င်းတို့အမည်ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် မြေစာရင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်တွေမြို့**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၆၈)ရပ်ကွက်၊ ရိုးမရိပ်သာ၊ တိုက်မှတ်(၆၆) အခန်း(၁၀၃) ဦးကျော်ဝင်း ၁၂/မဘန(နိုင်)၀၁၀၉၂၆ (မူလပိုင်ရှင်)မှတစ်ဆင့် ဒုပိုင်ရှင် ဒေါ်မေဦးခိုင် ၁၄/မမက(နိုင်)၀၀၁၄၂၂) ပိုင်ဆိုင်သော အခန်း အား ဒေါ်နုနုဝင်း ၁၁/စတန (နိုင်)၁၁၅၅၉၉၊ တိုက်(၁၂၅)၊ အခန်း(၅၀၅)၊ ပုဇွန်တောင်မြို့နယ်မှ အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စအား ၇–၃–၂၀၂၆ ရက်တွင် နှစ်ဦးသဘောတူ ပယ်ဖျက်လိုက်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်နုနုဝင်း၏ ညွှန်ကြားချက်အရ–**

**ဒေါ်မာမာအောင် (B.A.H.G.P)**

**အထက်တန်းရှေ့နေ(စဉ်–၁၁၇၆၀)**

**ဖုန်း–၀၉–၄၂၀၄၆၉၂၃**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/5261 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/5550 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)ဘားအံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/5049 VITZ NSP 130 Hatch Back (4x2)R (ကမ-၃)အမည်ပေါက်သူ ဦးကြည်နိုင်အောင် ၇/အဖန(နိုင်)၀၉၄၆၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/9991 Ford Ranger P/U(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးထန်ဘောင်ဂျော်ဆိုင်းအောင် ၁၂/စခန(နိုင်)၀၇၁၅၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/1983 Hyundai H1 Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၁၂/ကတန(ပြ)၀၀၅၁၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Max Agro Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါစိုက်ပျိုးရေးဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Max Agro Service Co.,Ltd မှ Pure Crop Chemical Co.,Ltd သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ **Pure Crop Chemical Co.,Ltd. ဖုန်း-၀၉-၄၀၁၅၇၃၈၁၄**

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | Max Secure 240 | Chlorfenapyr 240g/l SC | P2025-6626 |
| 2. | Max Hmoe Shel | Dimethomorph24% + Pyraclostrobin 13% SC | P2025-6721 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Binnong Technology Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanma Taiza Co.,Ltd မှ Pure Crop Chemical Co.,Ltd သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။

**Pure Crop Chemical Co., Ltd Ph:09401573814**

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | BNS Halox 108 EC | Haloxyfop-P-methyl 10.8% EC | F2025-4856 |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 62W/67252 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/78311 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဟိန်းခန့် ၉/စကတ(နိုင်)၁၄၇၆၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3S/5470 CHANGAN CS75PLUS Station Wagon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်း ၁၃/လရန(နိုင်)၀၀၅၅၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆/၂၇၊ လေးကျွန်းမြေတောင်)၊ မြေကွက်အမှတ်(၄တ/၁၀၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅) ဧကရှိမြေသည် ဦးသန်းဝင်း အမည်ဖြင့် မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန် သက်တမ်းမှာ ၁၆-၉-၁၉၉၉ ရက် မှ ၁၅-၉-၂၀၂၉ ရက် ထိဖြစ်ကြောင်း၊ အဆိုပါဂရန်မြေကွက်အား ၃-၁၂-၂၀၀၆ ရက်တွင် ဦးသန်းဝင်းမှ ဦးဖြိုးဝေဝင်းသို့ အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ၁၆-၉-၂၀၂၅ ရက်တွင် ဦးဖြိုးဝေဝင်းမှ အဆိုပါမြေကွက်အားဝယ်ယူ၍ လက်ရှိထားစီမံအကျိုးခံစား နေသည်မှာ မှန်ကန်ပါကြောင်း စစ်ကိုင်းခရိုင်တရားရုံး၌ ကျမ်းကျိန်ဆို၍ ၁၇-၉-၂၀၂၅ ရက်တွင် ဦးဖြိုးဝေဝင်း(ဘ)ဦးညိုဝင်း ၅/စကန(နိုင်)၁၅၅၆၁၅ မှ ဒေါ်ယုယုမွန်(ဘ) ဦးခင်မောင်ကြည်၅/မရန(နိုင်)၁၅၁၆၃၇ သို့ မြေကွက်အရောင်း အဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါ ဂရန်မြေကွက်အားဝယ်ယူပိုင်ဆိုင်သူ ဒေါ်ယုယုမွန် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကိုလက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ တစ်ထပ်ဈေးဆိုင်ခန်း တိုက်ခန်းအမှတ် A-1 (ဘုန်း)အား လက်ရှိအမည်ပေါက် ပိုင်ဆိုင်သူ ဦးခင်မောင်မြင့် ၇/သကန(နိုင်)၀၇၁၆၉၇ ထံမှ ဦးထက်ဝေအောင် ၈/ရစက(နိုင်)၂၃၄၇၇၃ သည် ၃၁-၁-၂၀၂၆ ရက်တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှု အာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထားတင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်-

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| - | ဦးထက်ဝေအောင် ၈/ရစက(နိုင်)၂၃၄၇၇၃ | A-1(ဘုန်း) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/44079 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်မာ ၉/မတရ(နိုင်)၁၃၇၇၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/12228 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဇာအိ ၉/အမရ(နိုင်) ၁၁၀၇၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၅ယ/၇၅၈၃ Honda Click 160 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမော်လွင်၇/ပမန(နိုင်)၁၅၁၅၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန၊**
**နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉/၂၅၊ တကောင်း)၊ ဦးပိုင်အမှတ် (၁/က)၊ မြေဧရိယာ(၀ ဒသမ ၄၈၀) ဧကရှိမြေသည် ဒေါ်တင်တင်အေး အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန် ရရှိခဲ့ပြီး ဒေါ်တင်တင်အေး သည် ဦးစိုးညွန့်နှင့် အိမ်ထောင်ကျ၍ သားသမီး (၅) ဦး မွေးဖွားခဲ့ကာ ဦးစိုးညွန့်သည် လွန်ခဲ့သော(၁)နှစ်ခန့်ကလည်းကောင်း၊ ဒေါ်တင်တင်အေး သည် လွန်ခဲ့သော (၁၃) နှစ်ခန့်လည်းကောင်း၊ သားသမီး (၅) ဦးအနက် သားဖြစ်သူ ဦးကျော်ကျော်ဦးသည် လွန်ခဲ့သော (၁၅) နှစ်ခန့်ကလည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ကျန်ရစ်သူသားသမီး (၄) ဦးနှင့် ချွေးမဖြစ်သူတို့မှ အဆိုပါမြေကွက်အား လက်ရှိထားစီမံခန့်ခွဲအကျိုးခံစားနေ သည်မှာ မှန်ကန်ကြောင်း ၂၂-၁၀-၂၀၂၅ ရက်တွင် စစ်ကိုင်းခရိုင်တရားရုံး၌ ကျမ်းကျိန်ဆို၍ ယင်းနေ့၌ပင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုကာ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင် ထားရှိခဲ့ပါသည်။ ယခုအခါ မြေငှားဂရန်သက်တမ်းသည်လည်း ကုန်ဆုံးကျော် လွန်နေပြီဖြစ်သဖြင့် မြေကွက်ရရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်မေမြင့်ဟန်၊ ဒေါ်ခိုင်ခိုင်စိုး၊ ဦးဇော်လင်းစိုး၊ ဦးနေလင်းစိုး၊ ဒေါ်အေးမိုးထွန်းတို့အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားဆောင်ရွက်သွားမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ (ရုံးချိန် အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံ စဉ်းစားမည် မဟုတ်ဘဲတည်ဆဲမြေယာ အက်ဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀)၊ မြေကွက်အမှတ် (၂-က)၊ မြေချိန်ဧရိယာ (၃ ဒသမ ၉၂၅) ဧကနှင့် မြေကွက်အမှတ် (၂-ခ)၊ မြေချိန်ဧရိယာ (၁ ဒသမ ၆၀၈)ဧက၊ စုစုပေါင်းမြေချိန် ဧရိယာ (၅ ဒသမ ၅၃၃) ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၂)၊ (၇) လွှာ၊ အခန်းအမှတ် (၄+၅)၊ အိပ်ခန်း ( ၃ ) ခန်းပါရှိသည့် အကျယ်အဝန်း ( ၁၂၁၀ ) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက်ခန်းသည် Ownership Certificate No. 0305 + 0308 ဖြင့် ဒေါ်သန်းသန်းဝင်း (ဘ)ဦးကျော်ရှိန် ၁/မညန(နိုင်)၀၉၀၂၈၂ မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော အမည်ပေါက် Apartment တိုက်ခန်းဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်သန်းသန်းဝင်း (ဘ)ဦးကျော်ရှိန် ၁/မညန(နိုင်)၀၉၀၂၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါအောင်(LL.B) အထက်တန်းရှေ့နေ( စဉ်-၅၂၅၀၈)**
**၃၃ လမ်း၊ ၇၆x၇၇ လမ်းကြား၊ ကဥ္စနာမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၈၇၇၅၂၁၈၅၉၊ ၀၉-၄၃၆၅၀၀၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၇၉၁/ ကောင်းမှုတော်မြောက်)၊ မြေကွက်အမှတ် (၄/၃၃)၊ မြေဧရိယာ (၄ ဒသမ ၀၀) ဧကရှိမြေသည် ဦးစိုင်းလုံယျ (မန်းရောဝဏ် ကုမ္ပဏီလီမိတက်) အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No. ၁၀၅/V/၂၀၁၆ အရ မြေငှားဂရန် သက်တမ်းမှာ ၂၅-၃-၂၀၁၆ ရက်မှ ၂၄-၃-၂၀၂၆ ရက်အထိ (၁၀) နှစ် စက်မှု/စီးပွား မြေငှားဂရန်ရရှိခဲ့ပြီး ယခုအခါမြေငှားဂရန်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ မန်းရောဝဏ်ကုမ္ပဏီလီမိတက်(ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းလုံယျမှ မန်းရောဝဏ်ကုမ္ပဏီလီမိတက် အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြ လာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ ဈေးဆိုင်ခန်းနှင့် နှစ်ထပ်လူနေပွဲရုံ တိုက်ခန်းအမှတ် B-5(ဃ)အား လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်လင်း ၁၂/သဃက(နိုင်)၀၀၂၅၇၇ ထံမှ ဦးလှိုင်မင်းဟန် ၈/ပဖန(နိုင်)၀၈၁၆၆၃ သည် ၉-၂-၂၀၂၆ ရက်တွင် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထား တင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက် အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါ ကြောင်း အသိပေး ကြေညာအပ်ပါသည် -

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| - | ဦးလှိုင်မင်းဟန် ၈/ပဖန(နိုင်)၀၈၁၆၆၃ | B-5(ဃ) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ် ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ ဈေးဆိုင်ခန်းနှင့် နှစ်ထပ်လူနေပွဲရုံ တိုက်ခန်း အမှတ် A-7(ဃ)အား လက်ရှိအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်ပြည့်ဝန်း ၁၄/ညတန(နိုင်)၀၉၂၄၉၀ ထံမှ ဒေါ်မြင့်မြင့်အေး ၁၂/လသန(နိုင်)၀၀၂၃၀၀နှင့် ဒေါ်နှင်းပွင့်ဖြူ ၁၂/လသန(နိုင်)၀၂၀၄၁၇ သည် ၂-၁၂-၂၀၂၅ ရက်တွင် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲလျှောက်ထားတင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်-

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| - | ဒေါ်မြင့်မြင့်အေး ၁၂/လသန(နိုင်)၀၀၂၃၀၀) | A-7(ဃ) |
| - | ဒေါ်နှင်းပွင့်ဖြူ (၁၂/လသန(နိုင်)၀၂၀၄၁၇) | |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ် ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည် ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့၊ အနိုပ်တော်ရပ်ကွက်နေ ဦးကျော်ဝင်း ၉/ဝတန(နိုင်)၁၆၀၈၂၇ - ဒေါ်ချိုချိုထွေးတို့၏ သားမောင်မင်းသန့်ကျော်အား မောင်ရဲရင့်ကျော်ဝင်းဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။ **မောင်ရဲရင့်ကျော်ဝင်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း တက္ကသိုလ် ပထဝီဝင်နောက်ဆုံးနှစ် တက်ရောက်လျက်ရှိသည့် မဝါဝါထွေး ၈/ဆဖန(နိုင်)၀၉၅၀၈၅ ၏ ဖခင် ဦးမြင့်ရွှေ အမည်မှန်မှာ ဦးမြင့်ဆွေ ဖြစ်ပါကြောင်း။

**ဦးမြင့်ဆွေ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ် (၅၄၉) နေ ဒေါ်မြင့်မြင့်သန်း ၂/လကန(နိုင်)၀၂၃၇၅၂ နှင့် မတင်သန္တာကို ၁၂/ဥကတ(နိုင်)၁၃၉၅၉၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ပေါင်းတည်မြို့၊ အုပ်ဖို (၁) ရပ်ကွက်၊ ရှမ်းစုလမ်း၊ အကွက်အမှတ် (၃၄)၊ အုပ်ဖိုရပ်၊ ဦးပိုင်အမှတ် (၁၂၀)၊ မူလအမည်ပေါက် ဒေါ်ညို နှင့် ဦးပိုင်အမှတ် (၁၂၁)၊ မူလအမည်ပေါက် ဒေါ်ကြာ ယခုလက်ရှိအမည်ပေါက် ဒေါ်အေးသန်း ပိုင်ဆိုင်ခွင့် (B)၊ မြေအမျိုးအစား (G) တို့မှာ ကွယ်လွန်သူ ဦးလှမောင်နှင့် ဒေါ်ကျင်လှိုင် တို့ပစ္စည်းများဖြစ်သဖြင့် သားသမီး (၅) ဦးတို့မှ ၂၈-၄-၂၀၁၉ ရက်တွင် အမွေခွဲဝေခြင်းဆိုင်ရာ ကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ဦးပိုင်အမှတ် (၁၂၀)၊ ဒေါ်ညို အမည်ပေါက် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိနေအိမ်ကို ဒေါ်စိန်အေး၊ ဦးမောင်ညွန့် (ကွယ်လွန်)၏ သားသမီး (၅) ဦးနှင့် ဒေါ်မြင့်မြင့်သန်းတို့မှ လက်ရောက် ရယူခဲ့ပါသည်။ ဦးပိုင်အမှတ် (၁၂၁) မူလအမည်ပေါက် ဒေါ်ကြာ ယခုလက်ရှိ အမည်ပေါက် ဒေါ်အေးသန်း မြေကွက်ကို ဦးအေးရွှေနှင့် ဦးဝင်းမောင်တို့မှ လက်ရောက်ရယူခဲ့ကြပါသည်။ ဦးမောင်ညွန့် (ကွယ်လွန်)၏ သားသမီး (၅) ဦးတို့မှ ရရှိသည့် အမွေဝေစုအား ဒေါ်စိန်အေးနှင့် ဒေါ်မြင့်မြင့်သန်း တို့မှ ၁-၅-၂၀၁၉ရက်တွင် ပထမအကြိမ် ငွေအမ်းကတိစာချုပ်ဖြင့် ပေးချေပြီး ၁၀-၂-၂၀၂၂ ရက်တွင် ကျန်ရှိငွေအား အပြီးပေးချေပြီးနောက် ကတိစာချုပ် ပြုလုပ်၍ လက်ရောက်ရရှိခဲ့ကြပါသည်။

ဒေါ်စိန်အေးမှာ ၂၅-၆-၂၀၂၄ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းမကွယ်လွန်မီ မတင်သန္တာကိုအား ပေါင်းတည်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကိတ္တိမ သမီးမွေးစားခြင်းကတိစာချုပ်ကို ၂-၅-၂၀၁၉ ရက်တွင် ချုပ်ဆိုခဲ့သဖြင့် ဒေါ်စိန်အေး (အပျိုကြီး)ပိုင်ဆိုင်သည့် အမွေဝေစုအား မတင်သန္တာကိုမှ လက်ရောက်ပိုင်ဆိုင် ခဲ့၍ ကန့်ကွက်ရန် ရှိ/မရှိ ၉-၇-၂၀၂၄ ရက် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်း ကြေညာခဲ့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကန့်ကွက်ခဲ့ခြင်းမရှိ၍ ဦးပိုင်အမှတ် (၁၂၀)၊ ဒေါ်ညို အမည်ပေါက်ဘက်ခြမ်းရှိ မြေနှင့်အိမ်ကို ဒေါ်မြင့်မြင့်သန်းနှင့် မတင်သန္တာကိုတို့မှ တရားဝင်ပိုင်ဆိုင်ကြ သဖြင့်အရောင်း အဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသည့် မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် သတင်းစာတွင် ပြန်လည်ကန့်ကွက်နိုင်ပြီး အထောက်အထားမဲ့ ကန့်ကွက် လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်စိန် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်စဉ် (၇၄၉၃/၂၀၀၇)**
**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၈၅၊ မြေကွက်အမှတ်-၂၉၁၊ အလျား ပေ ( ၄၀ )x အနံ ပေ ( ၆၀ )ရှိ ဒုဗိုလ်မှူးကြီးမျိုးမြင့် ၁၂/ဗဟန(နိုင်) ၀၄၁၀၉၂ အမည်ပေါက် မြေချပါမစ်အမျိုး အစားမြေကွက်နှင့်ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးကိုကိုမောင် ၁၂/ဒဂမ(နိုင်)၀၁၈၄၀၈ က ပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင် ( LL.B,D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၀၆/၂၀၁၆)**
**အမှတ်-၉၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်**
**ဖုန်း- ၀၉- ၄၂၅၀၁၈၆၈၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အထက (မှတ်တိုင်)Grade-8 မှ မဇွန်ပိုးအိမ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၇/ပတတ(နိုင်)၁၀၉၆၅၀ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/5239 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၅၀၆၃ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှ ၆/ထဝန(နိုင်)၀၁၁၁၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၁၃၈၄၀ Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုအေး ၆/ထဝန(နိုင်)၀၈၈၇၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၃၄၉၈၅ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာချို ၆/ရဖန(နိုင်)၀၁၄၉၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၁၆၃၃ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါချို ၆/ရဖန(နိုင်)၀၆၂၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ် (၅၀) ပြည့် ရွှေရတုသဘင်အခမ်းအနားဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ် (၅၀) ပြည့် (၂၁-၄-၁၉၇၆)-(၂၆-၄-၂၀၂၆) အထိ ရွှေရတုသဘင်အခမ်းအနား ကျင်းပခြင်းနှင့် အတူ ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** ။ ။ ၂၆-၄-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** ။ ။ နံနက် (၈:၃၀) နာရီ
**ကျင်းပမည့်နေရာ** ။ ။ ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဘဂဝါ ခမ္မာရုံ၊ စွယ်တော်မြတ်စေတီဝန်း

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

